ပိုင်ဆောင်ဆက်သွယ် TRANSCOM NEWS JOURNAL

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်မှ စတင်ထုတ်ဝေသည်။

နှစ်ပတ်တစ်ကြိမ် (ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။

အတွဲ (၁၀)၊ အမှတ် (၄)

သတင်းဂျာနယ်

၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့်ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

၈-၁၆ »

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင် မြန်မာယူနီကုဒ်စံစနစ်ကို အောက်တိုဘာလ ၁ရက်မှ စတင်အသုံးပြု ထုတ်ဝေပါသည်။

အယ်ဒီတာ့ အာဘော်

စတုတ္ထမြောက် စက်မှုတော်လှန်ရေး (Industry Revolution 4.0) ခရီးအစမှသည် . . .

အီလက်ထရောနစ်အစိုးရ (e-Government) ကိုအကျိုးတရားများစွာ ရည်ရွယ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။ အစိုးရ၏ လုပ်ငန်းလုပ်ဆောင်မှုများ လွယ်ကူလျှင်မြန်လာစေရန်၊ လုပ်ငန်းများ ပိုမိုတွင်ကျယ်လာစေရန်၊ ဆုံးဖြတ်ချက်များမှန်မှန်ကန်ကန်မြန်မြန်ဆန်ဆန်ချနိုင်စေရန်၊ ဝန်ဆောင်မှုပေးရာတွင် တိုးတက်ကောင်းမွန်လာစေရန်၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ၊ တုံ့ပြန်မှုအားကောင်းစွာဖြင့် လျှင်မြန်စွာဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရန် ရည်ရွယ်သည်။

e-Government ကို အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရနှင့်ပြည်သူ၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနအချင်းချင်း၊ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများ အကြားဝေးကွာမှုများ လျော့ကျလာပြီး အစိုးရဌာနများနှင့် ဆက်ဆံဆောင်ရွက်သည့် ကိစ္စများလွယ်ကူလျှင်မြန်လာစေမည်ဖြစ်သည်။

e-Government သည် တိုင်းပြည်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး စွမ်းဆောင်ပေးနိုင်သည့်အရာ (Enabler) တစ်ခုဖြစ်သည်။ နိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ ဆင်းရဲမှုလျော့ချနိုင်ရေးတို့အတွက် e-Government အကောင်အထည်ဖော်မှုများကလွန်စွာအရေးပါသည်။ e-Government ၏ အကျိုးသက်ရောက်မှုက လွန်စွာများပါသည်။ ထို့ကြောင့် e-Government ကဏ္ဍတိုးတက်မှုမရှိပါက ပြည့်စုံသည့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလို့ ပြောလို့မရတော့ပေ။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် e-Government ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့်ဖွံ့ဖြိုးမှုညွှန်းကိန်း (development indicator) တစ်ခုအဖြစ် သတ်မှတ်ထားသည်။ အဆိုပါ e-Government ဖွံ့ဖြိုးမှုညွှန်းကိန်းကို အွန်လိုင်းဝန်ဆောင်မှုများ ညွှန်းကိန်း၊ ဆက်သွယ်ရေးတယ်လီကွန်မြူနီကေးရှင်းအခြေခံအဆောက်အဦဆိုင်ရာ ညွှန်းကိန်းနှင့်လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းဟူ၍ ညွှန်းကိန်း(၃) ခုကိုအခြေခံပြီး တိုင်းတာတွက်ချက်သည်။

မြန်မာနိုင်ငံ၏ e-Government ညွှန်းကိန်းကို ကြည့်ပါက ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း (၁၉၃)နိုင်ငံအနက် အဆင့်(၁၆၉)၊ ၂၀၁၈ ခုနှစ်တွင် အွန်လိုင်းဝန်ဆောင်မှုများနှင့် ဆက်သွယ်ရေးအခြေခံအဆောက်အဦ အထူးသဖြင့် မိုဘိုင်းဆက်သွယ်ရေးကဏ္ဍ တိုးတက်လာသည့်အတွက် (၁၅၇) အဆင့်သို့တိုးတက်လာခဲ့သည်။ သို့တစေ အာဆီယံဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက ဒေသ၏ ပျမ်းမျှအောက် ရောက်နေသေးကြောင်းတွေ့ရှိရသည်။

e-Governmentဟူသည့် ခရီးရှည်ကြီးအတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကဘက်မှလည်း ပါဝင်ကူညီနိုင်စေရန် လုပ်ငန်းကော်မတီများဖွဲ့စည်းရာ၌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နဲ့ တက္ကသိုလ်များကိုလည်း ပါဝင်ဖွဲ့စည်းပေးခဲ့သည်။ e-Government အကောင်အထည်ဖော်ရန် လိုအပ်သည့် အခြေခံအဆောက်အဦများ တည်ဆောက်နေပြီ ဖြစ်သည်။ ဝန်ကြီးဌာနအချင်းချင်းချိတ်ဆက်သည့် ဆက်သွယ်ရေးကွန်ရက်ကိုလည်းတည်ဆောက်ထားပြီးဖြစ်သည်။ အစိုးရဝန်ကြီးဌာနများ၏ အချက်အလက်များ လုံခြုံစွာသိမ်းဆည်းထားနိုင်ရန်၊ ဝန်ဆောင်မှုများပေးနိုင်ရန် အစိုးရဒေတာစင်တာတစ်ခုတည်ဆောက်သွားရန်အတွက် စီမံဆောင်ရွက်နေပြီဖြစ်သည်။ e-Government အတွက် လိုအပ်သည့် ဥပဒေတချို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ဆိုက်ဘာပြစ်မှုများဆိုင်ရာဥပဒေ၊ ဒေတာလုံခြုံရေး ဆိုင်ရာဥပဒေ စသည့်ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။

e-Government အကောင်အထည်ဖော်ရာတွင် ဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်လျှက်ရှိသကဲ့သို့ အစိုးရဝန်ထမ်းများ၏အိုင်စီတီကျွမ်းကျင်တတ်မြောက်မှုစွမ်းရည်ကို ဖြည့်ဆည်းပေးနိုင်ရန် ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆပ်ကော်မတီတို့မှလည်း ဝန်ထမ်းများကို အခြေခံအိုင်စီတီကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ ပို့ချပေးလျှက်ရှိသည်။

အထူးပြုနည်းပညာကျွမ်းကျင်မှုများအတွက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် အထူးပြုသင်တန်းများ အခါအခွင့်သင့်သလို ပို့ချဆောင်ရွက်ပေးနေသည်။ အစိုးရလုပ်ငန်းစဉ်များနှင့် လုပ်ကိုင်သည့်ပုံစံများကိုလည်း တိုးတက်နေသည့် နည်းပညာများနှင့်အညီ လိုက်လျောညီထွေဖြစ်သည့် ပုံစံဖြင့် ပြောင်းလဲသွားကြရမည်ဖြစ်ပေသည်။

ယနေ့ကမ္ဘာ၏အရွှေ့သည် စတုတ္ထမြောက် စက်မှုတော်လှန်ရေး (Industry Revolution 4.0) ကိုသွားနေသည်။ အချက်အလက်အစုအဝေး (Big Data) ကို သုံးပြီး အချက်အလက်များကို သရုပ်ခွဲခြင်း (Analysis) များ ဆောင်ရွက်နေကြသည်။ အမျိုးမျိုးသော အာရုံခံကိရိယာ (Sensor) များ အသုံးပြုပြီး အင်တာနက်မှတစ်ဆင့်အချက်အလက်များ အလိုအလျောက်ကောက်ခံမှုများ လုပ်ဆောင်နေကြသည်။ အားလုံးက (Smart Factory)၊ စမတ်ကား၊ Smart ဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ(Smart HealthCare)၊ အပူချိန်၊ စိုထိုင်းဆ၊ ရေပေးမှု၊ ပိုးသတ်ဆေးဖြန်းခြင်းစသည့်လုပ်ငန်းများကို sensor များ အသုံးပြုပြီး အလိုအလျောက်ဆောင်ရွက်ပေးမည့် Smart Farming စိုက်ပျိုးရေးနည်းသစ်များ၊ မြို့နေပြည်သူများ အေးချမ်းသာယာမှု ဖန်တီးပေးနိုင်ရန် Smart City များ တည်ထောင်နေကြသည့်ခေတ်တွင် နောက်အမှီမလိုက်နိုင်ခဲ့ပါလျှင် လူမှုရေး၊ စီးပွားရေးဆက်လက်ပြီး နောက်ကောက်ကျကျနံခဲ့မှာ အသေအချာပင်ဖြစ်သည်။

Industry 4.0 ဆိုသည်မှာ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း (Digital Transformation) ပြုလုပ်ပြီး ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းအစမှ လုပ်ငန်းစဉ်အဆုံးအထိ အိုင်တီနည်းပညာသုံး ဆောင်ရွက်ခြင်းဖြစ်သည်။ ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း (Digital Trasformation) ဆိုသည်မှာ လူမှုပတ်ဝန်းကျင်တွင် ဒစ်ဂျစ်တယ်နည်းပညာကို သုံးပြီးလုပ်ငန်းများ ပိုမိုမြန်ဆန်အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ခြင်းဖြစ်သည်။

ယနေ့အချိန်ကာလတွင် လူတိုင်းနီးပါး Smart Phone များ အသုံးပြုနိုင်ကြရာ ဖုန်းမှတဆင့် တစ်ဦးနဲ့တစ်ဦးဆက်သွယ်နိုင်ကြသည်၊ သတင်းအချက်အလက်များ ပေးပို့ဖလှယ်နိုင်ကြသည်၊ ရောင်းရေးဝယ်တာများ ပြုလုပ်နိုင်ကြသည်။ နေ့စဉ်လူမှုဘဝလုပ်ငန်းများကို ဖုန်းများဖြင့် မြန်ဆန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြသည်ကို တွေ့မြင်ခံစားနိုင်ကြပေမည်။

Online ဝန်ဆောင်မှုများ သုံးစွဲကြရာတွင် Mobile ဖုန်းနံပါတ်ကို အသုံးပြုပြီး Authenticate သုံးစွဲသူမှန်ကန်ကြောင်း စိစစ်သက်သေခံသည့် လုပ်ငန်းစဉ်များ ပြုလုပ်ကြရမည်ဖြစ်ပါသည်။ SIM Card Registration လုပ်ငန်းစဉ်၏ အားနည်းချက်ကို အသုံးချကာသတင်းတုသတင်းမှားများ ဖြန့်ဝေခြင်း၊ အမုန်းစကားများ ဖြန့်ဝေခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်ခြင်းစသည်တို့ကို ကျူးလွန်နေကြရာ SIM Registration လုပ်ငန်းစဉ်ကိုဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ စီမံဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစဉ်တွင် အသိအမြင်နှင့် တာဝန်ခံမှုရှိတဲ့တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်ကြရန်တိုက်တွန်း နှိုးဆော်လိုပါသည်။

အစိုးရအနေဖြင့် နိုင်ငံသားများသိသင့်သည့်အချက်အလက်များ၊ အကျိုးကျေးဇူးရရှိစေမည့် အချက်အလက်များအား အများသိအောင် ထုတ်ပြန်ပေးသည့် စနစ် (Open Data System) ကို ဆက်လက်အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံအတွင်းနေထိုင်သူအဖြစ် မှတ်ပုံတင်ခြင်းလုပ်ငန်းကို သတင်းအချက်အလက်နည်းပညာ အသုံးပြုပြီး နံပါတ်သတ်မှတ် (Unique ID) ထုတ်ပေးခြင်းလုပ်ငန်းကိုလည်း အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းကောင်းပါးလိုပါသည်။

အထက်ဖေါ်ပြပါစနစ်များ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် e-Government လုပ်ငန်းစဉ်များအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အတည်ပြုခြင်း (Verification)၊ သတ်မှတ်ခြင်း (Identification) နှင့် ခွင့်ပြုခြင်း (Authentication) တို့ကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် လျင်မြန်တိကျ လုံခြုံစွာဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

အနှစ်ချုပ်ဆိုရသော် စတုတ္ထမြောက် စက်မှုတော်လှန်ရေး (Industry Revolution 4.0) ခရီးအစမှသည် အောင်မြင်မှုပန်းတိုင် ပိုင်နိုင်စွာစိုက်ထူနိုင်သည်အထိ နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့်ဆင့်တွင်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်များ၊ နိုင်ငံသားများအားလုံး ပါဝင်ကြပြီး ထက်သန်သည့်စိတ်ဖြင့် ပိုင်းဝန်းပုံပိုး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း လေးစားစွာ တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။ ။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါသည်။
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် (၂)ရက်မှ (၃)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ် တို့တွင် (၁)ရက်ခန့် မိုးရွာနိုင်ပြီး၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

ညအပူချိန်

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် (၁.၅) ဒီဂရီစင်တီဂရိတ် လျော့နည်းနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ဖ)ရက်မှ (၈)ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် (၃)ရက်မှ (၅)ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။



MPT
ရှေ့သို့လှမ်းချီမြန်မာပြည်

အတွေ့ကုံရှယ် 2020

ထပ်မံရောက်ရှိလိုလာပါပြီ

ပရိုမိုးရှင်းကာလ - ၂၀၂၀ ဇန်နဝါရီလ (၂၄) ရက်နေ့ မှ ၂၀၂၀ ဖေဖော်ဝါရီလ (၂၉) ရက်နေ့အထိ

Toyota Rush Brand New
ကားသစ်ကြီး(၂)ဆု

ကျပ်သိန်း (၂၀) ဆု (၆) ဆု

ရွှေ (၂) ကျပ်သားဆု (၆) ဆု

အပတ်စဉ် 20GB
အခမဲ့ အသုံးပြုခွင့် (၁)နှစ်စာ (၆) ဆု

20GB 20GB 20GB 20GB 20GB

Data GB ဆုကြီးပေါင်း ၂၀၀၀ ကျော်ကိုလည်း ကံစမ်းခွင့် ရရှိမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm www.facebook.com/mptofficialpage

CALL CENTER 106 | call free 24 hours everyday

ကညနက မတ်လအတွင်း နယ်လှည့်၍ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးပေးမည်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနက ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို မတ်လအတွင်း နယ်လှည့်ဆောင်ရွက်ပေးမည်ဖြစ်သည်။

နေပြည်တော်တွင် တပ်ကုန်းမြို့နယ်၊ ကချင်ပြည်နယ်တွင် ရွှေကူမြို့နယ်၊ ကရင်ပြည်နယ်တွင် လှိုင်းဘွဲ့နှင့် ကျုံဒိုးမြို့နယ်၊ ချင်းပြည်နယ်တွင် ထန်တလန်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကနီ၊ ဒီပဲရင်း၊ ကလေးဝ၊ မော်လိုက်၊ မင်းကင်းမြို့နယ်၊ တနသ်ာရီတိုင်းဒေသကြီးတွင် သရက်ချောင်း၊ ပုလောမြို့နယ် တို့တွင် သက်တမ်းတိုးမည်ဖြစ်သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး၌ သခွပ်ပွင့်၊ ပေါင်းတည်၊ လက်ပံတန်းမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ချောက်၊ မင်းတပ်၊ ဂန့်ဂေါ၊ မတူပီ၊ စလင်း၊ အောင်လံ၊ မင်းလှမြို့၊ မန္တလေးတိုင်းဒေသကြီး၌ မတ္တရာ၊ ညောင်ဦး၊ မြစ်သား၊ ပျော်ဘွယ်မြို့နယ်၊ မွန်ပြည်နယ်တွင် ရေးမြို့နယ်၊ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် လှည်းကူးနှင့်ဒလမြို့နယ်၊ ရှမ်းပြည်နယ်၌ ရွှေညောင်၊ မိုးနဲ၊ မိုးမိတ်၊ မိုင်းတုံ၊ မိုင်းထက်မြို့နယ်များတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ငပုတော၊ ညောင်တုန်း၊ ဇလွန်၊ ဘိုကလေးမြို့နယ်တို့တွင် နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

Transcom

Motivation Talk ဟောပြောပွဲ ပြုလုပ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တွင် ဖေဖော်ဝါရီလ ၁၉ ရက်က "BE a Great Contributor" ခေါင်းစဉ်ဖြင့် ရှေ့ဆက်ရမည့်ဘဝခရီးအတွက် အင်အားသစ်များရရှိစေမည့် အကြောင်းအရာများနှင့် အခြားသိမှတ်ဖွယ်ရာအကြောင်းအရာများကို ဆွေးနွေးဟောပြောပို့ချပေးခဲ့သည်။

ဆရာမကြီး ဒေါ်စန်း စန်းလှ (B.Com,M.Com, ICMP-Hawaii, USA), Lecturer (Retired) Management Studies Dept. YUE မှ ပထမနှစ်နှင့် ဒုတိယနှစ် ဒီပလိုမာအရာရှိလောင်း သင်တန်းသားများအားဟောပြောပို့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ဆရာ/ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ ပထမနှစ်နှင့် ဒုတိယနှစ် ဒီပလိုမာအရာရှိလောင်းသင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။

အလားတူ ဖေဖော်ဝါရီလ ၁၃ ရက်၊ မွန်းလွဲ (၃) နာရီတွင် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ် ဝန်ထမ်းများနှင့် ပထမနှစ်၊ ဒုတိယနှစ် အရာရှိလောင်း သင်တန်းသားများ၏ ပထမအကြိမ်မြောက် စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်ဖြင့် Theatre (2,3) ရှေ့တွင် ကျင်းပပြုလုပ်ခဲ့ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ရရှိကြသည့်အသင်းများကို ကျောင်းအုပ်ကြီး ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

Transcom

Modern Automotive Technology & Remote Diagnostic Scanning Workshop ကျင်းပပြုလုပ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ ဖေဖော်ဝါရီလ (၁၉)ရက်တွင် Modern Automotive Technology & Remote Diagnostic Scanning Workshop ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးတက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် MV-TECH Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးသီဟအောင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ MV-TECH Co.,Ltd မှ မော်တော်ယာဉ်ဆိုင်ရာနည်းပညာနှင့်ပတ်သက်၍ Video Clip ဖြင့် ရှင်းလင်းပြသခဲ့သည်။

ယင်းနောက် ကျောင်းအုပ်ကြီးသည် MV-TECH Co.,Ltd မှ ခင်းကျင်းပြသထားသည့် ကိရိယာပစ္စည်းများကို ကြည့်ရှုလေ့လာပြီးနောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဒုတိယပိုင်းတွင် ဦးသီဟအောင်က တက်ရောက်လာသူများကို Auto Repair Technology နှင့်ပတ်သက်၍ Modern Automotive Repair Shops အကြောင်းအရာကို အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

လှမျိုး- ဆ.သ.ရ

တွဲစစ် (ဥဏ္ဏာသစ်လောင်း) အချက်ပြစနစ် ရေးဆွဲခြင်းနှင့် စတိုလုပ်ငန်းများ၏ သင်တန်းဖွင့်ပွဲကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမ၌ ဖေဖော်ဝါရီလ (၁၀)ရက်က ရထားသင်တန်းဌာနခွဲ ကဖွင့်လှစ်သည့် တွဲစစ် (ဥဏ္ဏာသစ်လောင်း) သင်တန်းအမှတ်စဉ် (၁၅/၂၀၂၀) အချက်ပြစနစ်ရေးဆွဲခြင်းနှင့် စတိုလုပ်ငန်း သင်တန်းအမှတ်စဉ် (၄/၂၀၂၀)တို့ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဒုတိယကျောင်းအုပ်ကြီးက သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

လှမျိုး- ဆ.သ.ရ

2019 Novel Corona Virus အကြောင်း ဟောပြော

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် Multimedia ခန်းမကို ဖေဖော်ဝါရီလ (၁၄)ရက်က ကူးစက်မြန် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (COVID-2019) နှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် Professor ဒေါက်တာ ရတနာကျော် (Comsultant Chest Physician) က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝူဟန်မြို့မှစတင်ဖြစ်ပွားသော ကူးစက်မြန်နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (2019-nCoV) နှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ ဒေါက်တာခင်မာချို (Senior Consultant Microbiologist) က ကူးစက်မြန် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်သော အကြောင်းအရာများ၊ ဒေါက်တာဦးသိန်းစိုးမှ ဆောင်ရန်ရှောင်ရန်များအား ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးဦးဇော်လွင်ဦးက ဟောပြောဆွေးနွေးပေးခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ဟောပြောပွဲသို့ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ ဌာနမှူးများ၊ ဆရာ/ ဆရာမများ၊ ပထမနှစ်နှင့် ဒုတိယနှစ်အရာရှိလောင်း သင်တန်းသားများ၊ ဧည့်သည်တော်များတက်ရောက်ကြကြောင်း သိရှိရသည်။

Transcom

ပို့ဆောင်ရေးသတင်းဂျာနယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
နေလင်း

ဌေးစာရင်းအရာရှိ
ကျော်သူရ

ဗျာဒိတ်နှာဖိုးဒေါ်ငင်း
ဝင်းထိုက်

စာဗျာဒိတ်နှာဖေါ်ငင်း
နေလင်း၊ မြတ်ထူးဇော်၊
ဇင်ဘိုထွန်း

ကွန်ပျူတာ
ခိုင်ယုသွယ်၊ မေသဏ္ဌာဌေး၊
ထက်လှိုင်ဦး၊ ခန့်ဇော်ထွန်း

စာတည်း
တင်မောင်၊ အိမ်စည်

သတင်းထောက်
ဘုန်းပိုင်ဦး၊ စိုးသူ၊
ဇွဲထက်အောင်

သတင်း (ဆက်သွယ်ရေး)
လှမျိုး

သတင်း (ရထား)
အောင်ဆန်းဦး

စာတွန်းသရုပ်ဖော်
တင်ယု

ထုတ်ဝေသူ
နီအောင် (၀၀၄၉၆)

ဝိုင်ဖိုင်
မင်းပြည့်စုံ (၀၀၁၀၃)

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ရုံးအဖွဲ့
သဇင်ဖူး

ဆောက်ပို့ သတင်း
ညွှန့်လွင်



တိုက်တည်နေရာ
အမှတ် ၈၃/၉၃ ဗိုလ်အောင်ကျော်လမ်း (အောက်)၊ ကျောက်တံတား၊ ရန်ကုန်။
ဖုန်း ၀၁-၈၆၁၀၁၉၂, စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃

ကြော်ငြာများထည့်သွင်းလိုပါက ဖုန်း - ၀၁ -၈၆၁၀၁၉၂၊ ၀၉-၄၂၁၀၁၃၆၆၇

ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

ဒုတိယအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၁ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပထမဆုကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အသင်းကလည်းကောင်း၊ ဒုတိယဆုကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကလည်းကောင်း၊ တတိယဆုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုအဖြစ် ဆုငွေကျပ် (၁၅)သိန်း၊ ဒုတိယဆုအဖြစ် ဆုငွေကျပ် (၁၀)သိန်း၊ တတိယဆုအဖြစ် ဆုငွေကျပ် (၇)သိန်းနှင့် နှစ်သိမ့်ဆုများကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

HM– ဆ.သ.ရ

အခြေခံစာရေး ကွန်ပျူတာ (အထူးပြု) သင်တန်းဆင်းပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမတွင် ဖေဖော်ဝါရီလ ၁၄ ရက်က စက်မှု၊ လက်မှုဌာနခွဲကဖွင့်လှစ်သည့် အခြေခံစာရေး ကွန်ပျူတာ (အထူးပြု) သင်တန်းဆင်းပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီးကိုယ်စား ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဒေါက်တာအောင်မျိုးကျော် (ညွှန်ကြားရေးမှူး သလရ) က သင်တန်းဆင်း အောင်လက်မှတ်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယကျောင်းအုပ်ကြီးက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ပထမ၊ ဒုတိယ၊ တတိယဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

လှမျိုး (ဆသရ)

ဝူဟန်ဗိုင်းရပ်စ် ဂယက် ရေထွက်ကုန်တင်ပို့မှုကို ရိုက်ခတ်

ဝူဟန်ဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက် တရုတ်နှင့်ဆက်သွယ်လုပ်ကိုင်နေသော ရေထွက်ကုန်အများအပြားမှာ တင်ပို့မှုရပ်တန့်သွားသောကြောင့် တံငါသည်များနှင့် လုပ်ငန်းရှင်များမှာ ထိခိုက်မှုများစွာဖြစ်ပေါ်နေကြောင်းသိရသည်။

ဝူဟန်ဗိုင်းရပ်စ် ဂယက်ကြောင့် မြိတ်ကျွန်းစုထွက် ပဂဲ၊ ကဏန်းနှင့် ပကန်းရေထွက် ကုန်တင်ပို့မှုတွင် တရုတ်စျေးကွက် ရပ်တန့်သွားပြီဖြစ်ပြီး ထိုင်းနိုင်ငံမှပေးသည့် စျေးအတိုင်းသာ ရောင်းချတင်ပို့နေရကြောင်းသိရသည်။

ကုန်ကြမ်းအဆင့်ဖြင့်သာ တင်ပို့ရောင်းချနေဆဲဖြစ်သည့် မြန်မာ့ရေထွက်ကုန်စျေးကွက်မှာ ဝယ်သူပေးသည့်စျေးကိုသာ မှီခိုနေရပြီး တရုတ်နိုင်ငံမှ ပိတ်လိုက်သည့်အတွက် ထိုင်းနိုင်ငံတစ်ခုတည်းကိုသာ မှီခိုနေရတော့သည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မြိတ်ကျွန်းစုအတွင်း ကဏန်းစျေးကွက်မှာ ယခင်က ၃၀၀ ဂရမ်ဆိုက် တစ်ပိဿာလျှင် ကျပ် ၂၈၀၀၀ ရှိရာမှာ ၂၃၀၀၀ ခန့်သာ ကျန်တော့သလို ဂရမ် ၂၀၀ ဆိုက်ကဏန်း တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ သာ ရှိတော့ပြီး ထိုင်းနိုင်ငံသို့တင်ပို့ပါက ဝယ်ရင်းစျေးထက် ကျပ် ၃၀၀ ခန့်သာ ပေးဝယ်နေသည့်အတွက် တင်ပို့ခ၊ လုပ်အားခ၊ အခွန်အခများပေါင်းလိုက်ပါက လုပ်ငန်းရှင်များအတွက် ခြေမကိုက်တော့ကြောင်း သိရသည်။

လေကြောင်းလိုင်းတစ်ခုတည်းကိုသာ မှီခိုတင်ပို့နေရသည့် ပဂဲ၊ ပကန်းကဲ့သို့ လုပ်ငန်းများမှာ လုံးဝ ရပ်တန့်သွားပြီဖြစ်ပြီး မြိတ်မြို့ရှိ ပဂဲ၊ ပကန်းအဝယ်ဒိုင်များမှာလည်း အဝယ်ရပ်ထားကြပြီး ဒိုင်တစ်ခုနှစ်ခုခန့်သာ စွန့်စားဝယ်ယူနေကြကြောင်း သိရသည်။

ပကန်းစျေးမှာ ယခင်က တစ်ကီလိုလျှင် ကျပ် ၇၀၀၀၀ ရှိရာမှာ ယခု ကျပ် ၁၅၀၀၀ သာရှိပြီး ပဂဲစျေးမှာလည်း ယခင်တစ်ကီလိုလျှင် ကျပ် ၆၀၀၀၀ ရှိရာမှ ယခုအခါ ကျပ် ၂၀၀၀၀ သာ ကျန်တော့ကြောင်း သိရသည်။

TCNJ

Incident Handling & CSIRT Management Course သင်တန်းဆင်းပွဲ ကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ သင်တန်းကျောင်းနှင့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန (NCSC) တို့ပူးပေါင်း၍ ဆိုက်ဘာတိုက်ခိုက်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ဝန်ကြီးဌာနများနှင့်ဘဏ်များတွင် Computer Security Incident Response Team (CSIRT) တည်ထောင်၍ ဆိုက်ဘာတိုက်ခိုက်မှုများအား ဖြေရှင်းပေးရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် Incident Handling & CSIRT Management Course အမှတ်စဉ် (၀၁၂၄/၀၁/၁၉–၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၂၁) ရက်၊ ညနေပိုင်းက နေပြည်တော်၊ ရုံးအမှတ် (၂)သင်တန်းခန်းမတွင် ကျင်းပပြုလုပ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း (၃၃)ခုမှ သင်တန်းသား (၃၈)ဦး တက်ရောက်ကြောင်း သိရသည်။

သင်တန်းကာလမှာ (၁၇–၂–၂၀၂၀) ရက်မှ (၂၁–၂–၂၀၂၀) ရက်အထိ (၅)ရက်ဖြစ်သည်။ သင်တန်းဆင်းပွဲသို့ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်ဆွေဌေးနှင့် ဌာနအကြီးအကဲများ၊ ဆရာ/ ဆရာမများ တက်ရောက်ခဲ့ပြီး ကျောင်းအုပ်က သင်တန်းဆင်းအမှာစကားပြောကြား၍ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ပြီး အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနမှ သင်တန်းနည်းပြ ဦးရန်နောင်စိုးနှင့် ဦးမျိုးမြင့်ထိုက်တို့က ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်းသည် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား e-Government နှင့် ဆိုက်ဘာလုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ICT သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။

သန္တာ (ITCS)

ကုမ္ပဏီသုံးခု ရင်းနှီးမြှုပ်နှံမှု ပြန်လည်ရုပ်သိမ်း

သီလဝါအထူးစီးပွားရေးဇုန်တွင် စင်ကာပူကုမ္ပဏီနှင့် ဂျပန်–မြန်မာဖက်စပ်ကုမ္ပဏီတို့ အပါအဝင် ကုမ္ပဏီသုံးခုသည် ရင်းနှီးမြှုပ်နှံမှု ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက ပြောသည်။

အချက်အလက်စုဆောင်းသည့် စင်ကာပူကုမ္ပဏီသည် သတ်မှတ်ငွေကြေးကို ခြောက်လအတွင်း မယူဆောင်နိုင်ခြင်းကြောင့်ဖြစ်ပြီး ဂျပန်ဖက်စပ်ကုမ္ပဏီနှစ်ခုသည် သက်ဆိုင်ရာကုမ္ပဏီများ၏ ဘဏ္ဍာရေးအခြေအနေကြောင့် ပြန်လည်ရုပ်သိမ်းခြင်းဖြစ်သည်။

စင်ကာပူကုမ္ပဏီသည် အမေရိကန်နိုင်ငံသားပိုင်သည့် ကုမ္ပဏီ ဖြစ်ပြီး ဒေါ်လာရှစ်သန်းရင်းနှီးမြှုပ်နှံရန် အာမခံခဲ့သည်။ သို့သော် ထိုငွေကြေးပမာဏကို အထူးစီးပွားရေး ဇုန်အရ ခြောက်လအတွင်း သတ်မှတ်ငွေကြေးပမာဏကို ယူဆောင်လာနိုင်ခြင်းမရှိသောကြောင့်ဖြစ်သည်။

ဂျပန်ကုမ္ပဏီနှစ်ခုသည် ဂျပန်–မြန်မာဖက်စပ်ကုမ္ပဏီများဖြစ်ပြီး ဆပ်ပြာမှုန့်နှင့် ဖိနပ်စက်ရုံတည်ဆောက်ရန်ဖြစ်ပြီး မြန်မာဘက်မှ ကုမ္ပဏီများက ငွေကြေးမလုံလောက်၍ ရင်းနှီးမြှုပ်နှံရန် ရုပ်သိမ်းခြင်းဖြစ်သည်။

သီလဝါစီးပွားရေးဇုန်အတွင်း ၂၀၁၉ ဒီဇင်ဘာလကုန်အထိ ၁၉ နိုင်ငံမှ ကုမ္ပဏီ ၁၁၅ ခုကို ခွင့်ပြုမိန့်ထုတ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၉၂ ဘီလီယံ ကျော်ရှိသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အထက်ပါ ကုမ္ပဏီသုံးခုနုတ်ထွက် ၍ လက်ရှိ ကုမ္ပဏီ ၁၁၂ ခုက ကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ကျော် ရင်းနှီးမြှုပ်နှံထားသည်။ သီလဝါ အထူးစီးပွားရေးဇုန်ကို ၂၀၁၃ စက်တင်ဘာလတွင် မြေဧက ၅,၇၀၀ ကျော် ၌ စတင်အကောင်အထည်ဖော်ခဲ့သည်။

TCNJ

ဧရာဝတီကျန်းမာရေး၊ နာရေးကူညီထောက်ပံ့မှုအသင်းမှ ရေယာဉ်ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဝန်ထမ်းဟောင်းများနှင့် လက်ရှိဝန်ထမ်းများ၏ ဧရာဝတီကျန်းမာရေး၊ နာရေးကူညီထောက်ပံ့မှုအသင်းမှ ယနေ့နံနက်ပိုင်းတွင် ချယ်ရီရေယာဉ်ပေါ်တွင် ရေယာဉ်မှူး ဦးမြင့်အေးနှင့် ရေယာဉ်ဝန်ထမ်းများအား ပြည်တွင်းရေကြောင်းပို့ဆောင် ရေးဝန်ထမ်းဟောင်းများနှင့် လက်ရှိဝန်ထမ်းများ၏ "ဧရာဝတီ" ကျန်းမာရေး၊ နာရေးကူညီထောက်ပံ့မှုအသင်းမှ အသင်းနာယက ဦးဝင်းသိန်း (ရေကြောင်းဌာနမှူးချုပ်) (ငြိမ်း)၊ အသင်းဥက္ကဋ္ဌ ဦးဌေးဝင်း အသင်းအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အသင်းဝင်ဖြစ်သော ရေယာဉ်မှူး ဦးမြင့်အေးနှင့် အသင်းဝင်များဖြစ် ကြသော ရေယာဉ်ဝန်ထမ်းများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာနှင့်အတူ အသက်ကယ်တင်ဆယ်ယူနိုင်ခဲ့သော မှတ်တမ်းဓာတ်ပုံတို့အား ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရှိရသည်။

Transcom

e-Government ညီလာခံနှင့် ICT ပြပွဲတွင် Huawei က Tech4all မျှော်မှန်းချက်ကို မျှဝေ

နေပြည်တော်တွင် ကျင်းပခဲ့သော e-Government ညီလာခံနှင့် ICT ပြပွဲအခမ်းအနားတွင် Huawei က ဒီဂျစ်တယ်ဆိုင်ရာ အလုံးစုံပါဝင်မှုကိုမြှင့်တင်ရန် အားပေးကြောင်း၊ အပြည့်အဝချိတ်ဆက်ထားသည့် မြန်မာနိုင်ငံတည်ဆောက်ရန်အတွက် နည်းပညာများ၊ application များနှင့် အရည်အချင်းများကိုအသုံးပြု၍ လူများ၊ မိသားစုများနှင့်အဖွဲ့အစည်းများကို စွမ်းဆောင်ရည်မြှင့်တင်ရန် မျှော်လင့်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကနာယကအဖြစ် တာဝန်ယူဆောင်ရွက်သည့် e-Government ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) က ဖေဖော်ဝါရီလ (၁၈)ရက်နှင့် (၁၉)ရက် MICC II ၌ ကျင်းပသည့် ယခုအခမ်းအနားတွင် e-Government ရှေ့ပြေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ထိပ်သီး ICT အခြေခံအဆောက်အအုံနှင့် ဖြေရှင်းမှုနည်းလမ်းများ ပေးဆောင်သည့် Huawei အပါအဝင် နည်းပညာလုပ်ငန်းနယ်ပယ်မှ ထိပ်တန်းအဖွဲ့အစည်းများတက်ရောက်ခဲ့ကြသည်။

ဒီဂျစ်တယ်မြန်မာနိုင်ငံတော် သို့လျှောက်လှမ်းရာတွင် မည်သူတစ်ဦးတစ်ယောက်မှ နောက်ကျန်ရစ်မနေစေရေးအတွက် လိုအပ်နေသူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြင့် ဒီဂျစ်တယ်ကွာဟမှုကို လျှော့ချရန်ဟူသည့် Tech4all မျှော်မှန်းချက်ကို Huawei က ယခုညီလာခံတွင် မျှဝေခဲ့သည်။ ထို့အပြင် အခမ်းအနား၏ ကနဦးရည်မှန်းချက်တစ်ခုဖြစ်သော e-Government ပိုင်းဆိုင်ရာ တွေ့ရှိချက်အသစ်များ၊ နောက်ဆုံးပေါ် နည်းပညာများကို ပိုမိုသိရှိနားလည်နိုင်စေရန်အတွက် ထိရောက်သည့် နည်းပညာပလက်ဖောင်းတစ်ခုပံ့ပိုးရန်ဟူသည့် Huawei ၏အခြားရည်မှန်းချက်တစ်ခုကို လည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုအခမ်းအနားတွင် လေးနှစ်ဆက်တိုက်ပါဝင်သည့် Huawei ၏ ကျွမ်းကျင်ပညာရှင်များက ပိုမိုချိတ်ဆက်ထားသည့် မြန်မာနိုင်ငံဖြစ်လာစေမည့် Huawei ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဖြေရှင်းမှုနည်းလမ်းများ၊ cloud အခြေပြုဖြေရှင်းမှုနည်းလမ်းများနှင့် 5G နည်းပညာများအကြောင်းကို ခန်းမစင်မြင့်ပေါ်နှင့် ပြခန်းတို့တွင် ဆွေးနွေးတင်ပြခဲ့သည်။ အဆင့်မြင့်မားလာသည့် မြန်မာနိုင်ငံ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များကို ဆန်းသစ်သည့် နည်းပညာများဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည့် Huawei ၏ အစဉ်အလာကောင်းများ၊ e-Government ဆိုင်ရာ ဦးဆောင်မှုဇယားတွင် နိုင်ငံ၏ရပ်တည်နေမှုများကိုလည်း အသားပေးတင်ပြခဲ့သည်။ ES

Viu ၏ အွန်လိုင်းရုပ်သံ ဗွီဒီယိုဝင်ငွေ တိုးလာ

PCCW မီဒီယာအုပ်စု၏ ထိပ်တန်း OTT ဗွီဒီယိုဝန်ဆောင်မှုတစ်ခုဖြစ်သည့် Viu သည် ၄င်း၏ OTT ဗွီဒီယိုကဏ္ဍ၌ အသုံးပြုသူများအရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းနှင့် ဝင်ငွေတိုးမြင့်လာခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ်တွင် အောင်မြင်မှုမှတ်တိုင်အသစ်များ စိုက်ထူနိုင်ခဲ့ပြီဟုဆိုသည်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်း၌ Viu အား လစဉ်အသုံးပြုသူ (၄၁.၄) သန်းအထိရှိလာပြီး ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် (၃၅)ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဗွီဒီယိုကြည့်ရှုသူဦးရေမှာလည်း (၅.၇) ကုဋေအထိ (၆၉)ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ထိုကဲ့သို့ အသုံးပြုသူဦးရေတိုးမြင့်လာခြင်းနှင့် ကြည့်ရှုသူများပြားလာခြင်းတို့ကြောင့် ၂၀၁၉ ခုနှစ်တွင် ဝင်ငွေအားဖြင့် (၃၂) ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်သည်ဟုဆိုသည်။

Viu ၏ ကြည့်ရှုသူ (၄၀)ရာခိုင်နှုန်းကျော်သည် Viu Original ဇာတ်ကားများကို ကြည့်ရှုလျက်ရှိကြပြီး အဆိုပါဇာတ်ကားများသည် ၂၀၁၉ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့သော ဇာတ်ကားများအားလုံး၏ ထိပ်ဆုံး (၅)နေရာ၌ ရပ်တည်လျှက်ရှိသည်။ Viu သည် Viu Original များ ထုတ်လုပ်ရာ၌ အသုံးပြုသူများ၏အချက်အလက်များနှင့် သုံးစွဲပုံအခြေအနေများအပေါ် အသေးစိတ်လေ့လာပြီး ဇာတ်ကားပုံစံအသစ်များ၊ လူငယ်ဆန်သည့် ဒရာမာဇာတ်ကားများနှင့် ကမ္ဘာကျော်ဇာတ်ကားများအား မီဒြမ်းထားသည့် ပြည်တွင်းဇာတ်ကားများ စသည့်ကဏ္ဍသုံးခုတို့အပေါ်တွင် အဓိကထား ဖန်တီးထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

PCCW Media အုပ်စု၏ မန်နေးဂျင်းဒါရိုက်တာနှင့် Viu ၏ Chief Executive Officer ဖြစ်သူ Ms. Janice Lee က "ကျွန်မတို့က ကမ္ဘာတစ်ဝှမ်းက ရုပ်ရှင်ဇာတ်ကားတွေကို ပြည်တွင်း ယဉ်ကျေးမှုနဲ့ဘာသာစကားတွေသုံးပြီး ပြည်တွင်းဇာတ်ကားကောင်းတွေ ဖန်တီးပေးချင်တာပါ။ ၂၀၂၀ ခုနှစ်မှာလည်း Viu က နာမည်ကြီးလူကြိုက်များတဲ့ ကိုရီးယားဇာတ်လမ်းတွေနဲ့ Viu Original တွေကို အရှေ့တောင်အာရှနဲ့ အရှေ့အလယ်ပိုင်းက ပရိတ်သတ်တွေဆီ ယူဆောင်လာပေးဦးမှာပါ။ ဒီနှစ်ထဲမှာ အော်စကာဆုရရှိသွားတဲ့ Parasite ဇာတ်ကားဆိုရင်လည်း အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနဲ့ ဖိလစ်ပိုင် နိုင်ငံတွေက Viu မှာ ဒီလကစပြီး ကြည့်ရှုနိုင်ကြတော့မှာဖြစ်ပါတယ်။ နောက်ပြီး Viu နဲ့ လက်တွဲလုပ်ဆောင် ခဲ့တဲ့ မိတ်ဖက်လုပ်ငန်းတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီနှစ်မှာ original ဇာတ်ကားတွေနဲ့ အာရှတွင်းမှာရှိတဲ့ အရည်အချင်းရှိသူတွေကို ထုတ်ဖော်ပြသသွားမှာဖြစ်ပါတယ်" ဟု ဆိုသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ၌ Viu သည် အရှေ့တောင်အာရှရှိ ထိပ်တန်းအွန်လိုင်းရုပ်သံဝန်ဆောင်မှု app များထဲတွင် ဝင်ငွေအားဖြင့်လည်းကောင်း၊ လစဉ်ကြည့်ရှုသူအားဖြင့်လည်းကောင်း၊ ဝင်ရောက်ကြည့်ရှုမှု အချိန်အတိုင်းအတာအားဖြင့်လည်းကောင်း နံပါတ် (၂)နေရာတွင် ရပ်တည်လျှက်ရှိကြောင်း သိရသည်။ အဆိုပါ Viu App အား App Store နှင့် Google Play တို့တွင် အခမဲ့ဒေါင်းလုပ်ရယူနိုင်ပြီး www.viu.com တွင်လည်း တိုက်ရိုက်ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ES

ကျန်းမာရေးမှူး ကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးပြုလုပ်

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးတစ်ရပ်ကို ဖေဖော်ဝါရီလ (၁၈) ရက်က အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-16) ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနာယက ဦးအေးမြင့်၊ ဥက္ကဋ္ဌ ဦးမြသွင်၊ ဒု-ဥက္ကဋ္ဌ ဦးဌေးအောင်၊ တိုင်းနှင့် ပြည်နယ်များမှ ဥက္ကဋ္ဌများဖြစ်သော ဦးစောရွှေချိန်၊ ဦးသန်းဌေးအောင်၊ ဦးမောင်မောင်ချမ်းသင်းဦး၊ မျိုးအောင်နိုင်ဝင်းတို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြောင်း မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ သိရသည်။ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ယခုကဲ့သို့ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းမှ နာယကနှင့် ဥက္ကဋ္ဌတို့ဦးဆောင်သော ကျန်းမာရေးမှူးအသင်း ကိုယ်စားလှယ်များ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်းတို့ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင်"ကျန်းမာရေးမှူးကောင်စီ" အမည်နာမ၊ အခန်း (၁) အပိုဒ်(၂)အပိုဒ်ခွဲ (ဂ)ပါ "ကုသမှုပေးခြင်း" စသည့်ကိစ္စရပ်များအပါအဝင် ဥပဒေကြမ်းပါအမျိုးသားလွှတ်တော်အမတ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းအား ဖေဖော်ဝါရီလ(၅) ရက်က ကျင်းပသော ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဖေဖော်ဝါရီလ (၁၄) ရက်ကကျင်းပသောအမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးနှင့် တပ်မတော်သား ကိုယ်စားလှယ်ဗိုလ်ကြီး ဒေါ်သန်းသန်းဝင်းတို့က ဆွေးနွေးကြပြီး ဖြစ်သည်။

ES

Artificial Intelligence is changing the way of Satellite Communication 2

ဝင်းအောင် (အင်ဂျင်နီယာချုပ်)

ဂြိုဟ်တုဆက်သွယ်ရေး လမ်းကြောင်းကို ပြောင်းလဲနေသည့် အသိဉာဏ်တု ၂

To implement AI-based technology in space communication, many testing are going on and various projects are running. Researchers are also predicting about drone crafts which can travel to exoplanets. But, for that, the crafts will need to not only endure years of solo travel but be able to cope and respond to constantly changing, extremely unpredictable circumstances from temperature variations to cosmic objects.

အာကာသဆက်သွယ်ရေးတွင် Artificial Intelegence (AI) အသိဉာဏ်တုကိုအခြေခံသော နည်းပညာကို အသုံးပြုဆောင်ရွက်နိုင်ရန်အတွက် စမ်းသပ်မှုများစွာပြုလုပ်နေပြီး စီမံကိန်းအမျိုးမျိုးကိုလည်း လုပ်ဆောင်နေသည်။ သုတေသီများကလည်း ကမ္ဘာ့နေ ပတ်လမ်းပြင်ပရှိ ဂြိုဟ်များ(Exoplanets) သို့ သွားနိုင်သော မောင်းသူမဲ့အာကာသယာဉ်ငယ်လေးများ (Drone Crafts) ကိုတည်ဆောက်ရန် ကြိုးတင်တွက်ဆနေကြသည်။ သို့သော် အဆိုပါအာကာသယာဉ်ငယ်သည် နှစ်ရှည် တစ်စီးထဲသွားလာနိုင်သည်သာမကဘဲ အဆက်မပြတ်ပြောင်းလဲနေသော စကြဝဠာအရာဝတ္ထုများ၏ ခန့်မှန်းရခက်သည့် အပူချိန်အပြောင်းအလဲ အခြေအနေများကိုပါ ခံနိုင်ရန်လိုအပ်သည်။

AI သုတေသီများ၏ စက်မှုဖတ်ယူခြင်းဆိုင်ရာ နည်းစနစ်များ (machine learning algorithms) ဖြင့် နက္ခတ္တဗေဒပညာရှင်များသည် အာကာသတွင်းရှိ မျောနေသော အရာဝတ္ထုများ(debris) (အာကာသ အမှိုက်များ)ကို ပိုမိုမြန်ဆန်စွာ စုစည်းခွဲခြားသတ်မှတ်နိုင်ကာ ကြိုတင်လေ့လာနိုင်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အဆိုပါ ဥက္ကာပျံများအား ခွဲခြမ်းစိတ်ဖြာခြင်းကို အရှိန်မြှင့်ပါက ပတ်လမ်းများ၏ အကွာအဝေးကို တိကျစွာ ရှာဖွေဖော်ထုတ်နိုင်သော်လည်း ၎င်းသည် အန္တရာယ်ရှိသော ကြယ်တံခွန်များ (dangerous comets) ဖြစ်နေသည်။

NASA sponsored this artificial intelligence pilot research program. NASA is also collaborating with defense and machine learning researchers. So, it will help space missions as well as it will strengthen safety parameters for defense.

နာဆာ(NASA) က အဆိုပါအသိဉာဏ်တု (AI) အတွက် ရှေ့ပြေးသုတေသနအစီအစဉ် (pilot research program) ကို Sponser ပြုလုပ်ဆောင်ရွက်ပေးသည်။ NASA သည် ကာကွယ်ရေးနှင့်စက်မှုဖတ်ယူခြင်း နည်းပညာ (machine learning) သုတေသီများနှင့်လည်း ပူးပေါင်းလုပ်ဆောင်သည်။ ထို့ကြောင့် ၎င်းသည် အာကာသအထူးတာဝန်ယူဆောင်ရွက်မှု (space missions) များ အတွက် အထောက်အကူ ဖြစ်သကဲ့သို့ ကာကွယ်ရေးအတွက် လုံခြုံစိတ်ချရသော အချက်အလက်များလည်း ပိုမိုအားကောင်းလာလိမ့်မည်။

သုတေသနတစ်ခုအနေဖြင့်လည်း နေ၏မီးလျှံ မီးတောက် (solar storms)များကို ကြိုတင်ခန့်မှန်းနိုင်ရန် AI ကိရိယာများကိုအသုံးပြု၍ NASA ၏ "နေ" စူးစမ်းလေ့လာရေးအဖွဲ့(Solar Dynamics Observatory) မှ အချက်အလက်များဖြင့် ခွဲခြမ်းစိတ်ဖြာဆောင်ရွက်သည်။ နေ၏အလင်းဖြာစက်ဝန်း(Photosphere) တွင် နေ၏ဓာတ်ငွေ့အစုအဖွဲ့ (Corona) အကြား သံလိုက်လှိုင်းပြောင်းလဲခြင်း (Magnettic Variation) ဆက်နွယ်မှုကိုတွေ့ရှိပြီးနောက် ကျွန်ုပ်တို့သည် ဓာတ်ငွေ့အစုအဖွဲ့ (Corona) အစုလိုက်ထုတ်လွှတ်မှုနှင့် မီးတောက်အကြောင်းရင်းတို့ကို စဉ်းစားဆုံးဖြတ်နိုင်သည်။

There are lot more projects going on and we are sure that revolution will come very soon. Artificial Intelligence, Cognitive Automation, and Machine Learning can boost the way of satellite communication and the way we deal with space technology.

စီမံကိန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျှက်ရှိနေ၍ မကြာခင် တော်လှန်ရေးတစ်ခု ရောက်ရှိဖြစ်ပေါ်လာမည်မှာ သေချာသည်။ Artificial Intelligence (အသိဉာဏ်တု) Cognitive Automation (သိမြင်နိုင်သော အလိုအလျောက်လည်ပတ်မှု)နှင့် Machine Learning (စက်မှုဖတ်ယူခြင်း) တို့သည် ကျွန်ုပ်တို့ တွေ့ကြုံနေရသည့် အာကာသနည်းပညာနှင့် ဂြိုလ်တုဆက်သွယ်ရေး လမ်းကြောင်းတို့ကို မြှင့်တင်နိုင်ပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

လေထုညစ်ညမ်းမှုအန္တရာယ် စုပေါင်းကာကွယ်

ဒေါက်တာကြူကြူစိန် (မိုး/၉လ)

မိမိတို့မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကမ္ဘာကြီးပူနွေးလာမှု၊ အပူချိန်မြင့်မားလာမှုနှင့် ထူးကဲရာသီဥတုဖြစ်စဉ်များကြောင့် ဂေဟစနစ်များ ဖြစ်တည်မှုအပေါ် ထိခိုက်လာခြင်းနှင့်အတူ အပင်နှင့် သတ္တဝါများအပေါ် ထိခိုက်မှုများအပါအဝင် စိုက်ပျိုးသီးနှံအထွက်နှုန်းများ လျော့ကျလာခြင်း၊ အက်ဆစ်မိုးရွာသွန်းခြင်း၊ လေထုညစ်ညမ်းခြင်းနှင့် ကူးစက်ရောဂါများ တိုးပွားပျံ့နှံ့လာခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရသည်။ အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအနက် မျက်မှောက်ကာလတွင် ကြုံတွေ့နေရသည့် လေထုညစ်ညမ်းမှုများကြောင့် စီးပွားဖွံ့ဖြိုးတိုးတက်မှုများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် လူနေမှုဘဝ အသက်ရှင်နေထိုင်ရေးတို့တွင် ကြီးမားသောဆိုးကျိုးများ သက်ရောက်စေသည့်အတွက် အလေးထားဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိချက်အရ လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများနှင့်စပ်လျဉ်းပြီး ပြင်ပလေထုညစ်ညမ်းမှု (Outdoor Air Pollution) နှင့် အိမ်တွင်း၊ ရုံးတွင်းနှင့် အဆောက်အဦများအတွင်း လေထုညစ်ညမ်းမှု (Indoor Air Pollution) ဟူ၍ နှစ်ပိုင်းခွဲ၍ လေ့လာနိုင်သည်။ စက်ရုံ၊ အလုပ်ရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် အခိုးအငွေ့များ၊ စွန့်ပစ်အမှိုက်များ မီးရှို့ခြင်း၊ တောမီးလောင်ခြင်းနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့်အတူပါရှိသည့် သဲမှုန့်၊ ဖုန်မှုန့်နှင့် အမှုန်အမွှားလေးများကြောင့် ပြင်ပလေထုညစ်ညမ်းမှု (Outdoor Air Pollution) ကို ဖြစ်စေပြီး အိမ်တွင်း၊ ရုံးတွင်းနှင့် အဆောက်အဦများအတွင်းထင်း၊ မီးသွေးနှင့် လောင်စာများ အသုံးပြုခြင်းတို့ကြောင့် အိမ်တွင်းနှင့် အဆောက်အဦများအတွင်း လေထုညစ်ညမ်းမှု (Indoor Air Pollution) ကို ဖြစ်စေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာဆန်းစစ်မှုများအရ ပြင်ပလေထုညစ်ညမ်းမှုနှင့် အိမ်တွင်း၊ ရုံးတွင်း၊ အဆောက်အဦအတွင်း လေထုညစ်ညမ်းမှုများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်စေပြီး ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူဦးရေ (၄)သန်းခန့်သေဆုံးနေသည်။ ၂၀၁၆ ခုနှစ်အတွင်း လေ့လာချက်များအရ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့် လေဖြတ်ရောဂါ (၁၈ ရာခိုင်နှုန်း)၊ နှလုံးရောဂါ (၂၇ရာခိုင်နှုန်း)၊ နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (၂၀ ရာခိုင်နှုန်း)၊ အဆုတ်ကင်ဆာရောဂါ (၈ ရာခိုင်နှုန်း)၊ ပန်းနာရင်ကျပ်ရောဂါ (၂၇ ရာခိုင်နှုန်း) များ ခံစားရခြင်းကြောင့် နှစ်စဉ်လူဦးရေ (၃.၈)သန်းခန့် သေဆုံးနေသည်။ အဆိုပါသေဆုံးမှုများတွင် အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသများတွင် အများဆုံးဖြစ်ပြီး ကလေးများနှင့် အမျိုးသမီးများသည် ထိခိုက်မှုအများဆုံးဖြစ်သည်။ ကိန်းဂဏန်းများအရ အာရုပစိဖိတ်ဒေသများတွင်နေထိုင်သည့်လူဦးရေ၏ (၈)ရာခိုင်နှုန်းသာ သန့်ရှင်းသည့်လေကို ရှူရှိုက်ခွင့်ရကြသည်ကို လေ့လာသိရှိရသည်။ ထို့ကြောင့် လူသားများ၏ ကျန်းမာရေးကိုထိခိုက်စေသည့် လေထုညစ်ညမ်းမှုပြဿနာများကို ဦးစားပေးဖြေရှင်းဆောင်ရွက်သွားရန်လိုအပ်သည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ မမြင်နိုင်သော လေ၏ အရည်အသွေးကို Monitoring Sensor များဖြင့် တစ်နေရာထဲတွင် စောင့်ကြည့်တိုင်းတာခြင်းနှင့် ရွှေ့လျားစက်များဖြင့် စောင့်ကြည့်တိုင်းတာခြင်းများဖြင့် တိုင်းတာနိုင်သည်။ လေထုညစ်ညမ်းမှုတိုင်းတာရာတွင်လည်း တစ်နေရာထဲ၊ တစ်ချိန်ထဲ တိုင်းတာ၍မရပါ။ အနည်းဆုံး (၂၄)နာရီမှ (၄၈)နာရီအထိ စောင့်ကြည့်တိုင်းတာမှသာလျှင် အဖြေမှန်ရရှိမည်ဖြစ်သည်။ Monitoring စက်များမှ စောင့်ကြည့်တိုင်းတာရရှိသည့် လေအရည်အသွေးကို Air Quality Index (AQI) ဖြင့် ဖော်ပြသည်။ AQI ဆိုသည်မှာ မိမိတို့ရှူသွင်းလိုက်သည့် လေ၏ သန့်ရှင်းမှုကိုတိုင်းတာသည့် အညွှန်းကိန်းဖြစ်သည်။ AQI သည် လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသည့် ဓာတ်ငွေ့များဖြစ်သော Carbon Monoxide (CO), Nitrogen Dioxide (NO_2), Sulphur Dioxide (SO_2), Gorund Level Ozone (O_3) နှင့် Particulate Matter (PM) အမှုန်လေးများအပေါ်အခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ AQI အညွှန်းကိန်းများကို အလွယ်တကူနားလည်လွယ်နိုင်ရန်အတွက် အညွှန်းကိန်းအလိုက် အရောင်များဖြင့် အောက်ဖော်ပြပါအတိုင်း ခွဲခြားဖော်ပြကြပါသည်။

> “ လူသားများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်ရှင်းသည့်လေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိရန်မှာ အလွန်အရေးကြီးသည်။ ”

လေအရည်အသွေးအညွှန်းကိန်း AQI နည်းခြင်းသည် လေထုသန့်ရှင်းသည်ဟု သတ်မှတ်နိုင်ပြီး AQI များလာသည့်နှင့်အမျှ လူသားတို့၏ကျန်းမာရေးအတွက် ထိခိုက်နိုင်ဖွယ်ရှိသည်ဟု ကောက်ချက်ချနိုင်သည်။

လေထုညစ်ညမ်းမှုအခြေအနေများနှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသည့်ဌာနဖြစ်ပြီး ရန်ကုန် (ကမ္ဘာအေး)မှ နေ့စဉ်နှင့် လစဉ်တိုင်းတာရရှိသည့် လေအရည်အသွေး (PM 2.5) တန်ဖိုးများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Webside: www.dmh.gov.mm တွင် လည်းကောင်း Facebook တွင်လည်းကောင်း ထုတ်ပြန်ပေးလျက်ရှိသည်။

လူသားများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် သန့်ရှင်းသည့်လေကို နေ့စဉ်ရှူရှိုက်ခွင့်ရရှိရန်မှာ အလွန်အရေးကြီးသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂညီလာခံတွင် လေထုညစ်ညမ်းမှုပြဿနာများကို အလျင်အမြန် အရေးယူဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ မြို့ပြနှင့်လူဦးရေများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုဇုန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ မော်တော်ယာဉ်အသုံးပြုမှုများ များပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်များ၊ တောမီးလောင်ကျွမ်းခြင်းနှင့် အမှိုက်မီးရှို့ခြင်းများမှ အခိုးအငွေ့များထုတ်လွှတ်မှုများကြောင့် ပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုများ ဖြစ်လာနိုင်သည့်အတွက် စွန့်ပစ်ပစ္စည်းနှင့် လေထုညစ်ညမ်းမှုထိန်းချုပ်နိုင်မည့် ဥပဒေများ၊ ရေရှည်မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အလေးထား၍ ကြိုတင်စီမံဆောင်ရွက်ရန်နှင့် လေထုညစ်ညမ်းမှု၏ ဆိုးကျိုးများကို ပြည်သူများအား အသိပညာပေးခြင်း (Awareness) များ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ထို့အတူ လူသားတစ်ဦးတစ်ယောက်ချင်းစီ ဆောင်ရွက်နိုင်သော နေ့စဉ်လူနေမှုဘဝတွင် လုပ်ဆောင်နေသည့် အလေ့အကျင့်များကို ပြုပြင်ပြောင်းလဲခြင်း၊ စွန့်ပစ်အမှိုက်များကို မီးရှို့မည့်အစား မြေဆွေးဖြစ်အောင်ပြုလုပ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အသစ်တစ်ဖန်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများအသုံးပြုခြင်း၊ အိမ်တွင်းချက်ပြုတ်မှုများတွင်လည်း လောင်စာသက်သာပြီး အပူစွမ်းအင်ပိုကောင်းသည့် မီးဖိုများကို အသုံးပြုခြင်း၊ မလိုအပ်ပါက ကိုယ်ပိုင်ယာဉ်များသုံးမည့်အစား အများပြည်သူသုံးယာဉ်များကို အသုံးပြုခြင်း၊ နီးသည့်နေရာသို့သွားပါက လမ်းလျှောက်သွားခြင်း (သို့မဟုတ်) စက်ဘီးဖြင့်သွားခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း ပတ်ဝန်းကျင်ဆန်းစစ်မှုနှင့် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းများ ဆောင်ရွက်သင့်သည်။

ယနေ့ရင်ဆိုင်နေရသော လေထုညစ်ညမ်းမှုများသည် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာပျော်ရွှင် အသက်ရှင်နေထိုင်မှုများကို ထိခိုက်စေပါသောကြောင့် မိမိတို့ပတ်ဝန်းကျင်မှသည် ကမ္ဘာတစ်ဝန်းလုံးတွင် ကောင်းမွန်သော လေအရည်အသွေးပြန်လည်ရရှိအောင် အထက်တွင်ဖော်ပြထားသည့် လေထုညစ်ညမ်းမှုကို ထိခိုက်စေသော အခိုးအငွေ့ထုတ်လွှတ်မှုများ လျှော့ချနိုင်ရန်အတွက် လူတစ်ဦးတစ်ယောက်ချင်းစီမှ မိမိတို့တတ်အားသ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက်ထား၍ တိုက်တွန်းနှိုးဆော်အပ်သည်။ ။

ရန်ကုန်တိုင်းအစိုးရထံမှ မြေဝယ်ရန်လျှောက်ထား သူ (၆၄၀)ကျော်ခန့်သာ အချက်အလက်ပြည့်စုံ

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေများရောင်းချရာတွင် လျှောက်ထားသူ (၁၂,၀၀၀)ကျော်ရှိသည့်အနက် အချက်အလက်ပြည့်စုံစွာ လျှောက်ထားသူ (၆၄၀)ကျော်သာရှိကြောင်း ဖေဖော်ဝါရီလ ၁၇ ရက်က ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောကြားသည်။

ပထမအကြိမ် ရောင်းချရန် လျှောက်လွှာခေါ်ယူစဉ်က ပြန်လည်တင်ပြသည့်အခါတွင် ပါဝင်ရမည့် အချက်များကို လျှောက်လွှာပုံစံ သတ်မှတ်ပေးခဲ့ပြီး လျှောက်လွှာပေါင်း (၁၂,၁၅၈)စောင် ပြန်လည်တင်ပြလာကြောင်း၊ ထို့ကဲ့သို့ ပြန်လည်တင်ပြလာသည့် လျှောက်လွှာများအား အချက် (၆)ချက်ဖြင့် စိစစ်ကြောင်း၊ ပထမအချက်အနေဖြင့် လျှောက်လွှာ ဝယ်ယူသွားသူအမည်နှင့် ပြန်လည်တင်ပြလျှောက်ထားသူအမည်တူခြင်း ရှိ/ မရှိ၊ လျှောက်လွှာတွင် အချက်အလက်များ ပြည့်စုံမှု ရှိ/ မရှိ၊ အဆိုပြုပါစျေးနှုန်းပါရှိခြင်း ရှိ/ မရှိ၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက လုပ်ကိုင်မည့်လုပ်ငန်း၊ အဆိုပြုချက်များပါရှိရမည်ဖြစ်ပြီး ပြည့်စုံသည့်လျှောက်လွှာများကို စိစစ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"တချို့က စျေးပိုပေးတာမှန်တယ်။ တချို့ကျတော့ စျေးတူတယ်။ မြေကွက်က တစ်ကွက်တည်းကို အချက်အလက်ပြည့်စုံတာက နှစ်ယောက်ဖြစ်တယ်။ စျေးကလည်း အဆိုပြုထားတာတူတယ်။ တစ်ယောက်က သူ့အမည်နဲ့အကောင့်ကိုပေးမထားဘဲ အခြားသူရဲ့အကောင့်ကိုပေးထားတယ်။ ဒုတိယလူက သူ့အမည်နဲ့အကောင့်ကိုပေးတဲ့အတွက်ကြောင့် စျေးတူသော်လည်း ပြည့်စုံတဲ့သူကို ဝယ်ယူခွင့်ပေးလိုက်ပါတယ်။ အဲ့ဒီအတိုင်းစိစစ်ပါတယ်"

ဟုပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်မရှိသော တိုင်းဒေသကြီးအတွင်းရှိမြေများကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် သော်လည်းကောင်း၊ လူနေထိုင်ရန်အတွက်သော်လည်းကောင်း၊ မြေအသုံးပြုခွင့်အား သတ်မှတ်စည်းပင်စရိတ်ပေးသွင်း၍ အသုံးပြုခွင့်ပြုမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို သတ်မှတ်ထားသည့် မြေအသုံးပြုခွင့် လျှောက်လွှာပုံစံအတိုင်း မိမိအစီအစဉ်ဖြင့် ကွန်ပျူတာရိုက်နှိပ်ပြုစုဖြည့်စွက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နီးစပ်ရာစည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ရုံးချိန်အတွင်း မတ်လ ၆ ရက် နောက်ဆုံးထားတင်သွင်းနိုင်ကြောင်း၊ မြေအသုံးချခွင့်လျှောက်ထားသူအနေဖြင့် မြေပေါ်တွင်ဆောင်ရွက်လိုသည့်လုပ်ငန်းဖော်ပြရန် လျှောက်လွှာတစ်စောင်လျှင် မြေတစ်ကွက်သာ လျှောက်ထားရန်၊ သတ်မှတ်လျှောက်လွှာပုံစံအတိုင်း တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ယင်း ဝယ်ယူခွင့်ရှိသောမြေကွက်ကို လျှောက်ထားသူအမည်ဖြင့်သာ ရောင်းချမည်ဖြစ်ပြီး သုံးနှစ်အတွင်း နာမည်ပြောင်းခွင့်မပြုကြောင်း၊ မြေကွက်တစ်ကွက်ပေါ်တွင် အပြိုင်အဆိုင်လျှောက်ထားမှုရှိခဲ့ပါက စီမံခန့်ခွဲမှုကော်မတီသည် လျှောက်ထားသူများ၏ အဆိုပြုချက်များကို စိစစ်ပြီး အသင့်လျော်ဆုံး လျှောက်ထားတင်ပြသူတစ်ဦးအား ရွေးချယ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်ရရှိသူသည် သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာရန် ပျက်ကွက်ပါက ခွင့်ပြုထားသောမြေကို လည်းကောင်း၊ မြေပေါ်ရှိအဆောက်အအုံများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က သိမ်းယူမည်ဖြစ်ပြီး ပေးသွင်းငွေများကိုလည်း ပြန်ထုတ်ပေးမည်မဟုတ်ကြောင်း ကြေညာထားသည်။

BPO

"ဖက်ဒရယ် (၅)နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ အခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများ သုံးသပ်ခြင်း" သုတေသနစာအုပ် မိတ်ဆက်

"ဖက်ဒရယ်နိုင်ငံ (၅)နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ အခြေခံဥပဒေနှင့် ပြဋ္ဌာန်း ဥပဒေများတွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်နှင့် အာဏာများကို နှိုင်းယှဉ်သုံးသပ်ခြင်းနှင့် ထည့်သွင်းစဉ်းစားစရာများ" ဟူသောခေါင်းစဉ်ဖြင့် သုတေသနစာအုပ်ကို သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည့် MIPS က ဖေဖော်ဝါရီလ (၁၅)ရက်တွင် မိတ်ဆက်သည်။

အဆိုပါ သုတေသနစာအုပ်၌ ရွေးချယ်ဖော်ပြခဲ့သည့် ဖက်ဒရယ်နိုင်ငံငါးနိုင်ငံတွင် အမေရိကန်၊ တောင်အာဖရိက၊ အိန္ဒိယ၊ နီပေါနှင့် ဆွစ်ဇာလန်တို့ပါဝင်ပြီး အခြေခံအားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသောနိုင်ငံများတွင် နိုင်ငံတော်အစိုးရအဖွဲ့၏ အထွတ်အထိပ်ဖြစ်သူကသာ စစ်သေနာပတိချုပ်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများတွင် သမ္မတကို စစ်သေနာပတိချုပ်အဖြစ် ဥပဒေတွင်ပြဋ္ဌာန်းနိုင်ရန် စဉ်းစားသင့်သည့် အချက်တစ်ခုအဖြစ် MIPS က ဖော်ပြခဲ့သည်။

ကျွန်တော်တို့ MIPS အနေနဲ့ ဒီသုတေသနတွေကိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အဓိကချဉ်းကပ်မှုကတော့ "ကိုယ့်ကြောင့် ပဋ္ဌိပက္ခကြီးမဆိုးရွားသွားစေနဲ့" ဆိုတဲ့မူအပေါ်မှာအခြေခံတာဖြစ်ပါတယ်။ ဒါကြောင့် မို့ ကျွန်တော်တို့ရဲ့ သုတေသနကပဋ္ဌိပက္ခထဲမှာပါဝင်နေတဲ့ ဘယ်အင်အားစုကိုမှ ထိခိုက်ခြင်း၊ ထိုးနှက်ခြင်း၊ အသရေဖျက်ခြင်းဆိုတဲ့ နစ်နာစေနိုင်တဲ့ ရည်ရွယ်ချက်တွေထားရှိတာ လုံးဝမဟုတ်ပါဘူး။ အဓိကက သုတေသနပြုပြီးတော့ သုတေသနကထွက်လာတဲ့တာတွေကို ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဆွေးနွေးနေတဲ့သူတွေ သုံးစွဲအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထုတ်တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ သုံးစွဲတယ်ဆိုတာကလည်း အစိုးရဘက် အခြမ်းပဲမဟုတ်ပါဘူး။ တိုင်းရင်းသားလက် နက်ကိုင်တွေအနေနဲ့လည်း ဒီအချက်အလက်တွေကို အစိုးရ၊ တပ်မတော်ကရသလိုပဲ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းတွေအားလုံးရနိုင်အောင် ဆွေးနွေးပွဲမှာပါဝင်တဲ့သူတွေအားလုံး အကျိုးဖြစ်နိုင်အောင် ဆိုတဲ့ရည်ရွယ်ချက်ပဲဖြစ်ပါတယ်" ဟု ပြောသည်။

သုတေသနစာအုပ်မိတ်ဆက်ပွဲသို့ MIPS မှ အလုပ်အမှုဆောင် ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦး မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်ဦးစေထွန်းအောင်မြင့်၊ MIPS မှ သုတေသနဒါရိုက်တာ ဆလိုင်းငွန်ကျိုးလျံ၊ ဗိုလ်ချုပ်ကျော်စွာမင်း၊ အငြိမ်းစားပြည် ထောင်စုဝန်ကြီးများ၊ အငြိမ်းစားဗိုလ်ချုပ်ကြီးများ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်နေသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ တက်ရောက်ခဲ့ကြသည်။

ဇွ၊ စိတ်ထက်

မြန်မာနိုင်ငံ၏ ပထမဆုံး ပုံရိပ်ယောင် နည်းပညာအသုံးပြု ဂိမ်းစင်တာ The Central Boulevord တွင် ဖွင့်လှစ်

ပိုမိုအဆင့်မြင့်မားသော ဂိမ်းနည်းပညာများ ဂိမ်းကစားမှုအတွေ့အကြုံများအား ဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် The Central Boulevord က မြန်မာနိုင်ငံ၏ ပထမဆုံးသော ပုံရိပ်ယောင်နည်းပညာ အသုံးပြုဂိမ်းစင်တာ Virtual Reality (VR) Zone အား ဖေဖော်ဝါရီလ (၁၂)ရက်က ဖွင့်လှစ်ခဲ့သည်။

အဆင့်မြင့်နည်းပညာများ ဒီဇိုင်းများအသုံးပြုထားသည့် (VR) Zone တွင်ပါရှိသည့် ဂိမ်းများသည် လာရောက်ဆော့ကစားသူများအား ပြင်ပတွင် အမှန်တကယ်ဖြစ်ပေါ်နေသကဲ့သို့ ထင်မှတ်စေမည့်ခံစားချက်ကို ၃၆၀ ဒီဂရီပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် အုံ့အားသင့်ဖွယ်ဂိမ်းကစားမှုအတွေ့အကြုံများအား ရရှိခံစားသွားနိုင်မည်ဖြစ်ကာ ရန်ကုန်မြို့၏ပထမဆုံးသော စျေးဝယ်လျှောက်လမ်းဖြစ်သည့် The Central Boulevord တွင် တည်ရှိသည့် ဂိမ်းစင်တာအသစ်တွင် ဇုန် (၄)ခုပါရှိမည်ဖြစ်ပြီး အရည်အသွေးအမြင့်မားဆုံးသော 1080 AMOLED, 2160 x 1200 Pixels Resolution အဆင့်ရှိ ခေါင်းစွပ်များဖြင့် ဆော့ကစားရမည်ဖြစ်သည့်အတွက် ပြင်ပတွင်အမှန်တကယ်ဖြစ်ပျက်နေသကဲ့သို့ ခံစားချက်ရရှိမည်ဖြစ်သည်။

VR Zone တွင် တစ်ဦးချင်းဖြစ်စေ အဖွဲ့လိုက်ဖြစ်စေ ဆော့ကစားနိုင်မည့် ဂိမ်းများထည့်သွင်းပေးထားပြီး လာရောက်ကစားသူများအနေဖြင့် VR Rider, VR Shooting (၂) ခန်းနှင့် The Evil: Haunted Table အစရှိသည့် ဂိမ်းဇုန်များအား ဝင်ရောက်ဆော့ကစားနိုင်မည်ဖြစ်ကာ အခြားဂိမ်းများကိုလည်း ထပ်မံထည့်သွင်းသွားမည်ဖြစ်သည်။

VR Rider Zone သို့ လာရောက်သူများသည် ရင်သပ်ရှုမောဖွယ်ရာ မြင်ကွင်းများ လှုပ်ရှားသည့်ထိုင်ခုံများဖြင့် ဆော့ကစားရမည့် Rider, Horror, Trip နှင့် Kids စသည့် ဂိမ်းအမျိုးအစားပေါင်း (၂၂) မျိုးအထိ ဆော့ကစားနိုင်မည်ဖြစ်သည်။ VR Shooter ဂိမ်းဇုန်တွင် ဂိမ်းအမျိုးအစား သုံးမျိုးပါဝင်ပြီး ကစားသမားနှစ်ဦးမှ တစ်ချိန်တည်းတွင် သေနတ်များဖြင့် ၁၈၀ ဒီဂရီလှုပ်ရှားမှုများ ပြုလုပ်ကာဆော့ကစားနိုင်မည်ဖြစ်ပြီး The Evil: Haunted Table ဂိမ်းသည် ၃၆၀ ဒီဂရီ ပုံရိပ်ယောင်များဖြင့် ဂိမ်းအတွင်း မကောင်းဆိုးဝါးများထံမှ လွတ်မြောက်ရန်တစ်ဦးနှင့်တစ်ဦး ကူညီကယ်တင်ရမည့် ဂိမ်းတစ်ခုဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် စတင်အသုံးပြုခဲ့သည့် VR Zone သည် အခြားသောဂိမ်းစင်တာများနှင့် အလုံးစုံကွဲပြားခြားနား၍ နောက်ဆုံးပေါ်အဆင့်မြင့်နည်းပညာများ ထည့်သွင်းတပ်ဆင်ထားသည့် နေရာတစ်ခုဖြစ်ပြီး The Central Boulevord VR Zone ကဲ့သို့သော အပန်းဖြေဂိမ်းစင်တာတစ်ခုပေါ်ပေါက်လာသည့်အတွက် လူကြီးလူငယ်မရွေး ဝင်ရောက်အပန်းဖြေနိုင်မည်ဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အဆင့်မီ ဂိမ်းစနစ်နှင့် စိတ်လှုပ်ရှားဖွယ်အတွေ့အကြုံများ ဖန်တီးပေးနေခြင်းကို လာရောက်ဆော့ကစားသူများ တွေ့ကြုံခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇွ

ဆောင်ရွက်ဆဲ လုပ်ငန်းများမှ မတည်ငွေရင်း အမေရိကန် ဒေါ်လာသန်း ၃၀၀ ကျော် တိုးမြှင့်ခြင်း အပါအဝင် လုပ်ငန်းအသစ် (၁၂)ခု ခွင့်ပြု

ဆောင်ရွက်ဆဲလုပ်ငန်းများမှ မတည်ငွေရင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ကျော် တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်းအသစ်(၁၂)ခု အားမြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုလိုက်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအား ဖေဖော်ဝါရီလ ၁၃ ရက်က ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် (၁၀) ဦး တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း (၁၉)ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊အခြားဝန်ဆောင်မှုကဏ္ဍနှင့် ဟိုတယ်ကဏ္ဍတို့မှ လုပ်ငန်းသစ် (၁၂) ခုကို ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၅၀၁,၉၁၃)သန်းနှင့် ကျပ် (၇ ၃,၄၃၅.၃၃) သန်းရှိပြီးပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၆,၆၁၈) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပါသည်။ နိုင်ငံပေါင်း (၅၀) မှ စီးပွားရေးကဏ္ဍ(၁၂) ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံ ထားရှိမှုမှာ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံ မှု၏ (၂၇.၀ ၀%) ဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၂၆.၁၅%) ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ (၁၄. ၀၇%) ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း ကော်မရှင်မှသိရသည်။

ES

ပန်းခြံများတွင် အဆင့်မြင့် စားသောက်ဆိုင်များ ဖွင့်လှစ်ရန် မြို့တော်စည်ပင် စီစဉ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ အများပြည်သူ အပန်းဖြေအနားယူသည့် ပန်းခြံများတွင် အဆင့်မြင့်စားသောက်ဆိုင်များဖွင့်လှစ်ရန် စိတ်ပါဝင်စားမှု လျှောက်လွှာ (EOI) ခေါ်ယူသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ (၁၇) ရက်က ပြုလုပ်သည့်စာနယ်ဇင်းရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်ဝန်ဦးမောင်မောင်စိုးက ပြောကြားသည်။

"EOI ခေါ်မယ်။ ပြီးရင် စီစစ်ပြီးတော့ တင်ဒါခေါ်မယ်။ နောက်တစ်ခုက နာမည်လည်းရှိတဲ့ဆိုင်မျိုးဖြစ်ရမယ်။ ပန်းခြံတစ်ခုမှာ ဆိုင်အများကြီးလည်း ခွင့်ပြုမှာမဟုတ်ဘူး" ဟု ရန်ကုန်မြို့တော်ဝန်ကပြောသည်။

ပန်းခြံများအတွင်း စားသောက်ဆိုင်များကို မြို့တော်ဝန်တာဝန်ထမ်းဆောင်စည်သက်တမ်းအတွင်း ဖွင့်လှစ်ပေးသွားရန် စီစဉ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ် (၃၃)မြို့နယ်အတွင်းရှိ အများပြည်သူအပန်းဖြေအနားယူသည့် ပန်းခြံအရေအတွက်မှာ အရှေ့ပိုင်းခရိုင်တွင် (၁၅)ခြံ၊ အနောက်ပိုင်းခရိုင်တွင် (၁၉)ခြံနှင့်၊ တောင်ပိုင်းခရိုင်တွင် (၁၄)ခြံနှင့် မြောက်ပိုင်းခရိုင်တွင် (၁၃)ခြံ စုစုပေါင်း ပန်းခြံ (၆၁)ခြံရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနထံမှ သိရသည်။ BPO

ကျိုင်းတုံတွင် ကားပါကင်ပါ သုံးထပ်ဈေးသစ် ဆောက်မည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့စည်ပင်သာယာရေးဌာနရုံးဝင်းအတွင်း ကားပါကင်တစ်ခုပါဝင်မည့် သုံးထပ်ဈေးသစ်ကြီး ဆောက်လုပ်မည်ဖြစ်ကြောင်း ယင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

ကျိုင်းတုံမြို့နယ် စည်ပင်သာယာပိုင် တစ်ထပ်အဆောက်အအုံနေရာဟောင်းတွင် ကားပါကင်၊ခန်းမဆောင်နှင့် ရုံးခန်းများပါဝင်မည့် အလျား (၁၈၈)ပေ၊ အနံ (၁၂၂)ပေနှင့် အမြင့် (၄၃)ပေရှိ သုံးထပ်ဈေးကြီးကို ကျပ်သိန်း ၃၂၀၀၀ခန့် အကုန်ကျခံကာ ဆောက်လုပ်မည်ဖြစ်ကြောင်း ယင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

စည်ပင်ခန်းမဆောင် အဟောင်းကိုဖျက်၍ ခန်းမဆောင်နှင့် ကားပါကင်ပါသည့် သုံးထပ်ဈေးကြီးပြန်ဆောက်မည်ဖြစ်ပြီး ယခုလက်ရှိတွင် ခန်းမဆောင်အဟောင်းအား ဖျက်နေပြီဖြစ်သည်။

တစ်ထပ်ဈေးဆိုင်ခန်းများသာရှိသည့် ကျိုင်းတုံမြို့မဈေးကြီး၌ ကားပါကင်မရှိ၍ဈေးပတ်လည်တွင် ယာဉ်များရပ်နား ရန်ခက်ခဲသည့် အပြင် ယာဉ်ကြော ပိတ်ဆို့မှုများဖြစ်ပေါ်နေသည်။ သုံးထပ်ဈေးကြီး ဆောက်လုပ်ခြင်းကြောင့် ယင်းပြဿနာ များကို ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ကြောင်းစည်ပင်သာယာ ရေးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

စိတ်ထက်

ဘန်ကောက် အိမ်ခြံမြေမှာ ဘာကြောင့် ရင်းနှီးမြှုပ်နှံသင့်လဲ ဆွေးနွေးပွဲနှင့် The Address ကွန်ဒို အရောင်းပြပွဲ ပြုလုပ်မည်

အလုပ်လုပ်ရန်၊ လည်ပတ်ရန်၊ ဆေးကုရန်၊ ကျောင်းတက်ရန်၊ စျေးဝယ်ရန် အစရှိသည့်အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံသို့မကြာခဏသွားနေရ၍ ဘန်ကောက်တွင် အိမ်ခြံမြေဝယ်ယူလိုပါက ဘန်ကောက်၏လက်ရှိ Property အနေအထားကိုသိရှိနိုင်ရန် iMyanmarHouse.com မှကြိုးမှူး၍ "၂၀၂၀ တွင် ဘန်ကောက်အိမ်ခြံမြေမှာ ဘာကြောင့် ရင်းနှီးမြှုပ်နှံသင့်လဲ ဆွေးနွေးပွဲနှင့် The Address ကွန်ဒိုအရောင်းပြပွဲ" ကို ဖေဖော်ဝါရီလ (၂၉) နှင့် မတ်လ (၁)ရက်တွင် နံနက်(၉) နာရီမှ ညနေ (၅) နာရီအထိ ရန်ကုန်မြို့ရှိ Melia Hotel တွင် ပြုလုပ်ကျင်းပသွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ ကွန်ဒိုမီနီယမ် အက်ဥပဒေ (ပုဒ်မ ၁၉) အရ နိုင်ငံခြားသားများသည် ထိုင်းနိုင်ငံရှိကွန်ဒိုများကို ၄၉% အထိကို တရားဝင်အမည်ပေါက် ဝယ်ယူပိုင်ဆိုင်နိုင်ခွင့်ရှိသည်။ ထိုင်းနိုင်ငံတွင် အိမ်ဝယ်ယူပါက အမည်ပေါက်အတွက် Transfer Fee (၂ %)သာ ကျသင့်မည်ဖြစ်သောကြောင့် အခြားနိုင်ငံများတွင် ဝယ်ယူခြင်းထက် များစွာသက်သာကြောင်းသိရသည်။ ဘန်ကောက်တွင် ကွန်ဒို၊ တိုက်ခန်းဝယ်ယူပါက Tax ပေးဆောင်ရန် မလိုသည့်အပြင် ဘိုးဘွားပိုင်မြေပေါ်တွင် တည်ဆောက်ထားသည့်စီမံကိန်းမှ အခန်းကိုဝယ်ယူပါက မိမိအမည်ပေါက်ပိုင်ဆိုင်ခြင်းရရှိမည်ဖြစ်သည်။

iMyanmarHouse.com သည် ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ အိမ်ခြံမြေများကို မြန်မာနိုင်ငံသားများအလွယ်တကူဝယ်ယူ ပိုင်ဆိုင်နိုင်စေရန်အတွက် ဝန်ဆောင်မှုများပေးလျှက်ရှိပြီး အိမ်ရာများဝယ်ယူရာတွင် စာရွက်စာတမ်းကိစ္စများ၊ ငွေပေးချေသည့်ကိစ္စများ စသည့်ဝယ်ယူမှု လုပ်ငန်းစဉ်များအားလုံးကို ဝန်ဆောင်မှုပေးလျှက်ရှိသည်။

ဘန်ကောက်တွင်ကွန်ဒို ဝယ်ယူနေထိုင်ရန် စိတ်ဝင်စားသူများ (သို့) ပုံမှန်ဆေးကုသမှုခံယူရန် အမြဲသွားရောက်နေရသူများ (သို့) အိမ်ခြံမြေဝယ်ယူပြီး ပုံမှန်ဝင်ငွေရရှိရန် ရင်းနှီးမြှုပ်နှံလိုသူများ (သို့) သားသမီးကျောင်းပညာရေးအတွက် အိမ်ဝယ်ယူလိုသော မိဘများအနေဖြင့် မည်သူမဆို တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။ လူဦးရေကန့်သတ်ထားပါသဖြင့် အခမဲ့တက်ရောက်ရန် +959 768922211, +959 768922215 စသည့် Viber နံပါတ်သို့ အမည် စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

iMyanmarHouse.com အနေဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ အချက်ချာကျသောနေရာများတွင် တည်ရှိသည့် အဆင့်မြင့်ကွန်ဒိုများ၊ စျေးနှုန်းသက်သာ၍ လူနေမှုအဆင့်အတန်းမြင့်မားသော ကွန်ဒိုများကို မြန်မာနိုင်ငံသားအယောက်(၅၀) ကျော်သို့ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခွင့်ဖြင့် ရောင်းချပေးခဲ့ပြီးဖြစ်သည်။

ES

မဟာဗန္ဓုလပန်းခြံနှင့် မြန်မာဒီဇိုင်းတွင် ပြသလျှက်ရှိသည့် World Press Photo နှင့် 6x6 Global Talent Program ဓာတ်ပုံပြပွဲ

ကမ္ဘာ့အကြီးဆုံး သတင်းဓာတ်ပုံပြိုင်ပွဲများ၏ ဆုရဓာတ်ပုံများကို ပြသမည့် World Press Photo Exhibition 2019 ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ မတ်လ ၁၁ ရက်အထိ ပြသလျှက်ရှိသည်။

ကမ္ဘာကြီး၌ဖြစ်ပျက်နေသည့် အကြောင်းအရာပေါင်းစုံကို အမြင်မျိုးစုံနှင့် ရိုက်ကူးတင်ဆက်ထားသည့် ဓာတ်ပုံဇာတ်လမ်းများကို 6x6 Global Talent အစီအစဉ်ကဖော်ထုတ်ပြသလေ့ရှိသည်။ ယခုနှစ်အတွက် 6x6 Southeast Asia and Oceania Talents (အရှေ့တောင်အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဒေသအတွင်းမှ ပါရမီရှင်ဓာတ်ပုံဆရာများအစီအစဉ်) အရွေးချယ်ခံရသူတစ်ဦးမှာ မြန်မာလူမျိုးဓာတ်ပုံဆရာကိုမျိုးဖြစ်သည်။

ကိုမျိုးသည် ၂၀၁၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းမှ ဝေးလံခေါင်သီတောနက်များဆီကို အကြိမ်ကြိမ်သွားရောက်ကာ နိုင်ငံအတွင်းရှိဆင်များ၏အသက်ဘေးကို ကယ်တင်ရန်ကြိုးစားကြပုံများကို မှတ်တမ်းဓာတ်ပုံဇာတ်လမ်းတွေကို ရိုက်ကူးခဲ့သူဖြစ်သည်။

ရန်ကုန် ဓာတ်ပုံပွဲတော်မှာလည်း ဆုပေါင်းများစွာဆွတ်ခူးခဲ့သည့် ကိုမျိုး၏ ဆင်ဇာတ်လမ်းများကို လက်မလွှတ်ဘဲလာရောက်ကြည့်ရှုဖို့ဖိတ်ခေါ်ထားသည်။ အဆိုဓာတ်ပုံပြပွဲကို မြန်မာဒီဇိုင်းပြခန်း၌လည်း ဖေဖော်ဝါရီလ ၂၈ ရက်အထိ သွားရောက်လေ့လာနိုင်မည်ဖြစ်သည်။ ES

တေးသံရှင်အောင်လနှင့် Reason အဖွဲ့၏ The Ambience Night ဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

တေးသံရှင်အောင်လနှင့် Reason အဖွဲ့၏ One Band Show အား မတ်လ (၁)ရက်တွင် PM 3:3 Bar ၌ ပြုလုပ်မည်ဖြစ်သည်။ ယင်း ဂီတဖျော်ဖြေပွဲကို The Ambience Night ဂီတဖျော်ဖြေပွဲဟု အမည်ပေးထားပြီး ဝင်ခွင့်လက်မှတ်နှုန်းအား ကျပ် ၁၅၀၀၀ ဟု သတ်မှတ်ထားသည်။ ဖျော်ဖြေပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိကာ သီချင်းအေးအေးလေးများဖြင့်သာမက ရောခ်ွ် တေးသီချင်းများဖြင့်လည်း တင်ဆက်မည်ဖြစ်သည်။

Nine Planets Entertainment ၏ Family band ဖြစ်သည့် Reason အဖွဲ့နှင့်တေးသံရှင်အောင်လတို့၏ One Band Show ကို အမိုက်စားတင် ဆက်သွားမည်။ အဆိုပါပွဲနှင့်ပတ်သက်၍ Reason ပရိသတ်များအတွက် ကျေနပ်စရာပွဲတစ်ပွဲအဖြစ်စီစဉ်ထားပြီး လာရောက်အားပေးကြရန် ဖိတ်ခေါ်ကြောင်း Nine Planets Entertainment မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တေးသံရှင်အောင်လနှင့် Reason အဖွဲ့တို့သည် ယခုအခါ နယ်ဖျော်ဖြေပွဲများသို့ လှည့်လည်တင်ဆက်လျက်ရှိပြီး One Band Show တွင် ထွက်ရှိထားပြီးဖြစ်သည့် တေးသီချင်းများစွာဖြင့် တင်ဆက်မည်ဖြစ်သည်။ တေးသံရှင်အောင်လ၏ One Band Show အား မူလကယခင်နှစ်ကုန်ပိုင်းအတွင်း ကျင်းပရန်စီစဉ်ထားသော်လည်း ရက်ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ တေးသံရှင်အောင်လသည် Reason အဖွဲ့အဖြစ် အောင်မြင်သည့် တေးသီချင်းများစွာ ဖန်တီးသီဆိုထားကာ ဖျော်ဖြေပွဲများစွာတွင်လည်း ပါဝင်သီဆိုခဲ့ခြင်းဖြစ်သည်။ စိတ်ထက်

"ဒို့ခေတ်" အမည်ရ Theme Song AIA Myanmar မိတ်ဆက်

AIA Myanmar သည် "ဒို့ခေတ်" အမည်ရ ၎င်း၏တရားဝင် Theme Song CD နှင့် music video မိတ်ဆက်ပွဲကို ဖေဖော်ဝါရီလ (၁၀)ရက်က ရန်ကုန်မြို့ Pinlel Studio and Film Production ၌ ကျင်းပခဲ့သည်။

အဆိုပါ စိတ်ခွန်အားပြည့်စေမည့် Theme Song ကို ပြည်သူများ ပိုမိုကျန်းမာအသက်ရှည်ပြီး ပိုမိုကောင်းမွန်သောဘဝများ ပိုင်ဆိုင်နိုင်စေရန် အားပေးကူညီ ဆောင်ရွက်သွားနိုင်ရေးနှင့် ဘဝအောင်မြင်မှုအတွက်အခက်အခဲများကို ကျော်လွှားနိုင်စေရေးအတွက် စိတ်အားထက်သန်တက်ကြွလာစေရန်အတွက် AIA Myanmar မှ ရည်ရွယ်ခြင်းဖြစ်သည်။

AIA Myanmar ၏ အမှုဆောင်အရာရှိချုပ် Mr.Nhon Ly(Luc) က "မြန်မာပြည်သူ၊ ပြည်သားများ ပိုမိုကျန်းမာသော ဘဝနေထိုင်မှုကို အားပေးဖို့ AIA Myanmar Theme Song ဖြစ်တဲ့ "ဒို့ခေတ်" ကို မိတ်ဆက်ပေးခွင့်ရတဲ့အတွက် အရမ်းပဲစိတ်လှုပ်ရှားမိပါတယ်။ နာမည်ကြီးအဆိုတော်နှစ်ဦးဖြစ်တဲ့ X-Boxin နဲ့ နီနီခင်ဇော်တို့ ဖန်တီးပုံဖော်သီဆိုထားတဲ့ ခွန်အားဖြစ်စေမယ့် ဒီသီချင်းကနေတစ်ဆင့် AIA Myanmar နဲ့ မြန်မာပြည်သူများအကြား ယုံကြည်မှု ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ယုံကြည်မိပါတယ်။ AIA အနေနဲ့ အနုပညာနဲ့ယဉ်ကျေးမှုကို အမြဲတန်ဖိုးထားခဲ့တဲ့အလျောက် ဂီတသံစဉ်ဟာ မြန်မာပြည်သူတွေရဲ့ နှလုံးသားတွေဆီအရောက်ပို့ပေးနိုင်မယ့် ကြားခံနယ်ဖြစ်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်" ဟု ပြောသည်။

"ဒို့ခေတ်" အမည်ရ AIA Mynamar ၏ Theme Song ကို ဟစ်ဟော့အဆိုတော် X-Boxin မှ ကိုယ်ပိုင်သံစဉ်ဖြင့် ရေးစပ်ထားပြီး အဆိုတော်နီနီခင်ဇော်မှ Featuring အဖြစ် ပါဝင်အားဖြည့်သီဆိုထားသည်။ အဆိုပါ Theme Song သည် လူအများကြိုက်နှစ်သစ်ကြသော ဘဝနေထိုင်မှုပုံစံကို ပိုင်ဆိုင်ရရှိနိုင်ကြစေရန် AIA မှ ကူညီပံ့ပိုးပေးခြင်းဖြစ်သည်။

AIA Myanmar ၏ Theme Song "ဒို့ခေတ်"နှင့် အခြားစိတ်လှုပ်ရှားဖွယ်ကောင်းသော အစီအစဉ်များအကြောင်း ပိုမိုသိရှိလိုပါက AIA Myanmar ၏ တရားဝင် Facebook စာမျက်နှာဖြစ်သည့် https://www.facebook.com/AIA.Myanmar.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ BPO



ချင်းပြည်နယ်တွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း ဖွင့်မည်

ချင်းပြည်နယ်ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းကို ဟားခါးမြို့တွင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၅၀ ဦး ခေါ်ယူမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လက်ရှိတွင်ချင်းပြည်နယ်တောင်ပိုင်း၌ တရားဝင်ဒေသဆိုင်ရာ ဧည့်လမ်းညွှန်ရှိသော်လည်း ချင်းပြည်နယ်မြောက်ပိုင်းတွင်မရှိကြောင်း သိရသည်။

ယခုသင်တန်းဖွင့်လှစ်ရန်စီစဉ်ခြင်းမှာ ချင်းပြည်နယ်အတွင်းရှိဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရန်၊ လူမှုစီးပွားမြှင့်တင်ရန် ဧည့်သည်များကို ဝန်ဆောင်မှုပေးရာတွင် ပိုမိုကောင်းမွန်စေရန်နှင့် ချင်းပြည်နယ်တွင်ရှိသည့် ခရီးသွားဆိုင်ရာအချက်အလက်များကို မှန်ကန်စွာမျှဝေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

သင်တန်းကို ဟားခါးမြို့ရှိ Victoria Academy သင်တန်းခန်းမတွင် ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေး ကျပ် ၅၀,၀၀၀ သတ်မှတ်ထားသည်။ သင်တန်းပြီးပါက ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အဖြစ် လိုင်စင်ထုတ်ပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသက် (၁၈) နှစ်အထက်ဖြစ်ရမည်ဖြစ်ကာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်)ယင်းနှင့် အဆင့်တူ အရည်အချင်းရှိသူဖြစ်ရမည့်အပြင် နိုင်ငံခြားဘာသာစကားတစ်ခုခု တတ်မြောက်ထားသူများ တက်ရောက်နိုင်မည်ဖြစ်သည်။ လျှောက်ထားလိုပါက ချင်းပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (သို့မဟုတ်) ၀၉-၄၂၄၈၁၆၊ ၀၇၀-၇၀၃၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ TCNJ

သောက်ရေသန့်လုပ်ငန်းများကို စတင်လျှောက်ထားသည့်ရက်မှစ၍ စိစစ်ကာလ ခြောက်လနှင့် ဓာတ်ခွဲစစ်ဆေးခြင်းကို တတိယအကြိမ်အထိသာ ခွင့်ပြု

FDA အနေဖြင့် သောက်ရေသန့်လုပ်ငန်းများ သက်တမ်းပြတ်လပ်မှုမရှိစေရေးအတွက် သက်တမ်းမကုန်မီ အနည်းဆုံးသုံးလခန့် ကြိုတင်လျှောက်ထားရမည်ဖြစ်ကြောင်း၊ စိစစ်ကာလ ခြောက်လအတွင်းလိုအပ်ချက်များ ပြည့်စုံစွာတင်ပြလာခြင်းမရှိပါက ထောက်ခံချက်လျှောက်ထားခြင်းအား အလိုအလျောက်ပျက်ပြယ်သွားမည်ဖြစ်ပြီး လုပ်ငန်းမှဆက်လက်လုပ်ကိုင်လိုပါက အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၁ ရက်နေ့ဝက်ပိုင်း လျှောက်ထားသော သောက်ရေသန့်လုပ်ငန်းများအတွက် စတင်လျှောက်ထားသည့်ရက်မှစ၍ စိစစ်ကာလ ခြောက်လနှင့် ဓာတ်ခွဲစစ်ဆေးခြင်းကို တတိယအကြိမ်အထိသာ ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

သက်တမ်းတိုးကာလအတွင်း ထောက်ခံချက်သက်တမ်းကုန်ဆုံးသွားပါက ထုတ်လုပ်မှုကိုရပ်ဆိုင်းထားစေပြီး ထောက်ခံချက်သက်တမ်းတိုးခွင့်ပြုချက်ရရှိပြီးမှသာ ပြန်လည်ထုတ်လုပ်ရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

စစ်ဆေးမှုတွင် ထောက်ခံချက်ရရှိပြီး သောက်ရေသန့်လုပ်ငန်းများအပြင် ထောက်ခံချက်မရှိထုတ်လုပ်နေသော သောက်ရေသန့်လုပ်ငန်းများကိုလည်း ရုတ်ဖွေစစ်ဆေးခဲ့ကြောင်း၊ GMP နှင့်ကိုက်ညီမှုမရှိသော လုပ်ငန်းများအား ခံဝန်ထိုးခြင်းနှင့် ရက်အကန့်အသတ်မရှိ ပိတ်သိမ်းအရေးယူခဲ့ပြီး ယင်းသောက်ရေသန့်လုပ်ငန်းအနေဖြင့် FDA သို့ ထောက်ခံချက်လျှောက်ထားပြီး GMP နှင့်အညီကိုက်ညီမှသာ ပြန်လည်ထုတ်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာထားသည်။

TCNJ

MPT နှင့် “တေးသံသာ” Music App တို့ ပူးပေါင်း၍ “ရွှေမိုက်ခဲ” တေးသီချင်းဆိုပြိုင်ပွဲအသစ် မိတ်ဆက်

MPT နှင့် “တေးသံသာ” Music App တို့ပူးပေါင်း၍ ပြုလုပ်မည့် “ရွှေမိုက်ခဲ” သီချင်းဆိုပြိုင်ပွဲအသစ်ကို ဖေဖော်ဝါရီလ (၁၇)ရက်က ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ မိတ်ဆက်ခဲ့သည်။

အဆိုပါ တေးသီချင်းပြိုင်ပွဲကို တေးသံရှင်အသစ်များအား ထုတ်ဖော်မြေတောင်မြှောက်ပေးရန်နှင့် အရည်အချင်းပြည့်ဝသည့် အနုပညာရှင်အဖြစ် အသက်မွေးဝမ်းကြောင်းပြုရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီးပြည့်တွင်းရှိ တေးဂီတဝါသနာရှင်များအနေဖြင့် ဖေဖော်ဝါရီလ (၂၂)ရက်မှ စတင်၍ “ရွှေမိုက်ခဲ” တေးသီချင်းဆိုပြိုင်ပွဲကို အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲ၏အကဲဖြတ်ဒိုင်များအဖြစ် တေးရေးဆရာ မြင့်မိုးအောင်၊ လီယိုနာဒ်မောင်မောင်လွင်၊ ဝေကြီးနှင့်အဆိုတော် ရေဗက္ကာဝင်း၊ ဂျူဝယ်တို့ကပါဝင်အကဲဖြတ်ရွေးချယ်ပေးမည်ဖြစ်သည်။

“ရွှေမိုက်ခဲ” အွန်လိုင်းသီချင်းဆိုပြိုင်ပွဲကို မိတ်ဆက်လိုက်ခြင်းဟာ MPT ရဲ့ အစဉ်အလာအတိုင်းရေရှည်တည်တံ့စေမယ့် ဆန်းသစ်တီထွင်မှုတွေကို ပြည်သူတွေအကြား ဦးဆောင်ဦးရွက်ပြုပြီး မြန်မာပြည်သူ၊ ပြည်သားတွေအားလုံးအတွက် ဒစ်ဂျစ်တယ်လူမှုဘဝကို ပြည့်စုံစေဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အနုပညာလောကထဲကို ထိုးဖောက်ဝင်ရောက်နိုင်အောင်လည်း သီချင်းသီဆိုမှုအပိုင်းဆိုင်ရာကို ပြည်တွင်းမှာရှိတဲ့ ထိပ်တန်းအသံနည်းပြတွေက ကိုယ်တိုင်သင်ကြားပေးမှာဖြစ်တာကြောင့် မိမိတို့ရဲ့အရည်အချင်းနဲ့ပါရမီကို ထုတ်ဖော်ပြသဖို့ တစ်ကြိမ်တစ်ခါသာ ရနိုင်မယ့် အထူးအခွင့်ရေးပဲဖြစ်ပါတယ်” ဟု MPT-KSGM Joint Operations Chief Commercial Officer ဖြစ်သူ Mr.Reizo Umeda က ပြောသည်။

သီချင်းဆိုပြိုင်ပွဲကို အဆင့်သုံးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမအဆင့်မှာ အွန်လိုင်းမှပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး Semi Final နှင့် Grand Final အား ပြင်ပတွင် On Stage Performance ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ MPT ၏ Official Facebook Page တွင်တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်သည်။ အနိုင်ရရှိသူများသည် ဆုကြေးငွေစုစုပေါင်း မြန်မာကျပ်ငွေ သိန်း(၁၀၀)နှင့် “တေးသံသာ” Music App မှ အထူးသီးသန့်ကိုယ်ပိုင်သီချင်းတစ်ပုဒ် စီစဉ်ထုတ်လုပ်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေနှင့် သတ်မှတ်ရွေးချယ်ပေးထားသော လူကြိုက်များထင်ရှားသည့် သီချင်းအပုဒ်ရေ (၄၀)အနက် မိမိကြိုက်နှစ်သက်ရာ တေးသီချင်းတစ်ပုဒ်အားရွေးချယ်သီဆိုနိုင်ပြီး ၎င်းဗီဒီယိုဖိုင်အား မိမိ၏ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ်အကောင့်တွင် Hashtag (#Shwemickhae#taythantharMPT) ခေါင်းစဉ်ကိုရေးသားကာ public ဖြင့်တင်ရမည်ဖြစ်သည်။ ထို့ပြင် ပြိုင်ပွဲသို့အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်များသည် အဆိုပါတင်ထားသော post ၏ Link နှင့် ပြိုင်ပွဲဝင်အမည်၊ ဖုန်းနံပါတ် (MPT နံပါတ်တစ်ခုတည်းသာ) တို့အား “ရွှေမိုက်ခဲ” Facebook messenger သို့ပေးပို့ရမည်ဖြစ်သည်။

ပထမအဆင့်မှာပေးပို့လာသည့် ဗီဒီယို Clip များကို ဒိုင်များမှပေးသောအမှတ်နှင့် မိမိအကောင့်တွင်တင်ထားသည့် Post မှ Like များကို အခြေခံ၍ဒုတိယအဆင့် ဆန်ခါတင်အတွက် (၁၀)ဦးကို စီစစ်ရွေးချယ်မည်ဖြစ်ပြီး၊ ဒုတိယအဆင့်ဆန်ခါတင် (၁၀)ဦးထံမှ (၄)ဦးကို ရွေးချယ်ကာ Grand Final အတွက် ထပ်မံသီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကာ တတိယအဆင့် Grand Final တွင်ထို (၄)ဦးအား ယှဉ်ပြိုင်စေ၍ Winner နှင့် First Runner Up မှ (၂)ဦး ဆုချီးမြှင့်သွားမည်ဖြစ်သည်။

လှမျိုး၊ ဇ

အူရီဒူးမြန်မာ၏ Brand Ambassador စိုင်းစိုင်းခမ်းလှိုင် ဖြစ်လာ

အူရီဒူးမြန်မာသည် မြန်မာနိုင်ငံ၏ ထိပ်တန်းအနုပညာရှင်ကြယ်ပွင့်တစ်ဦးဖြစ်သော တေးသံရှင်နှင့် ရုပ်ရှင်သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်အား Brand Ambassador အဖြစ် ခန့်အပ်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ရှိ အူရီဒူးမြန်မာရုံးချုပ်၌ ဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီလ (၁၉)ရက်ကကျင်းပခဲ့သည်။

အူရီဒူးအနေဖြင့် ၎င်း၏ Brand Ambassador စိုင်းစိုင်းခမ်းလှိုင်နှင့်အတူ စိတ်လှုပ်ရှားဖွယ်ရာ အစီအစဉ်များစွာကို ပြည်သူများထံသို့ ယူဆောင်လာမည်ဖြစ်ပြီး သုံးစွဲသူများအနေဖြင့် အပြာရောင်အမှတ်အသားပါသည့် အူရီဒူးမြန်မာ၏ တရားဝင်ဖေ့ဘုတ်စာမျက်နှာကို စောင့်ကြည့်ကြရန် တိုက်တွန်းထားသည်။

HM-ဆ.သ.ရ

အူရီဒူးမြန်မာက ပဲခူးနှင့် မန္တလေးရှိ မိုဘိုင်းလ်ကွန်ရက်ကို 4G LTE Turbo နည်းပညာဖြင့် အဆင့်မြှင့်

အူရီဒူးမြန်မာက 4G LTE Turbo နည်းပညာဖြင့် ပဲခူးနှင့် မန္တလေးတိုင်းဒေသကြီးများအတွင်းရှိ 4G ကွန်ရက်အရည်အသွေးကို မြှင့်တင်လိုက်ပြီဖြစ်သည်။ အဆိုပါ နည်းပညာသည် နေအိမ်၊ ရုံးခန်းနှင့် အခြားသောအတွင်းပိုင်းကျသည့် နေရာအသီးသီးရှိ လက်ရှိ 4G LTE ကွန်ရက်အရည်အသွေးများအား ပိုမိုကောင်းမွန်သော 4G မိုဘိုင်းလ်ကွန်ရက်အဆင့်သို့ သိသိသာသာတိုးမြှင့်ပေးသွားနိုင်မည်ဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ဧနှစ်ဝါရီလကုန်တွင် အူရီဒူးသည် ရောဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များရှိ 4G ကွန်ရက်အရည်အသွေးကို စတင်မြှင့်တင်ခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်မြှင့်တင်သွားနိုင်ရန်လုပ်ဆောင်လျက်ရှိသည်။ အဆင့်မြှင့်တင်ထားသည့် 4G သည် အဆောက်အဦအတွင်းပိုင်းနေရာများတွင်သာမကဘဲ 4G ကွန်ရက်ရရှိနေသော နေရာများအပြင် အခြားသော နေရာသစ်များအထိပါ တိုးချဲ့ပေးအပ်သွားမည်ဖြစ်သည်။

အူရီဒူးအသုံးပြုသူများသည် အဆိုပါ 4G LTE Turbo ကွန်ရက်အားအသုံးပြု၍ Live streaming အပါအဝင် You Tube မှ ဗီဒီယိုများကြည့်ရှုခြင်း၊ မိုဘိုင်းလ်ဂိမ်းများဆော့ကစားခြင်းနှင့် Video Calls ခေါ်ဆိုခြင်းအစရှိသည့် ဝန်ဆောင်မှုများကို မိုဘိုင်းလ်အင်တာနက်ဖြင့် အဆက်မပြတ်ကြည့်ရှုဆက်သွယ်ပြီး အင်တာနက်၏စွမ်းအားကို ခံစားနိုင်တော့မည်ဖြစ်သည်။

HM-ဆ.သ.ရ

ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်ပြီး၍ အော်တိုတယ်လီဖုန်းနံပါတ်များ ပြောင်းလဲမည်

MPT က ခေတ်မီဝန်ဆောင်မှုများကို ပေးနိုင်ရန်အတွက် လက်ရှိအသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကို ဂဏန်း (၇)လုံးပါရှိသည့် နံပါတ်အသစ်များဖြင့် ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ (၁၉)ရက်က ထုတ်ပြန်ထားသည်။

ပြောင်းလဲမည့်အိတ်ချိန်းများမှာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဟိုပုံးအိတ်ချိန်း၊ ဆီဆိုင်အိတ်ချိန်း၊ ကွန်ဟိန်းအိတ်ချိန်းတို့ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး (အရှေ့)တွင် ဒိုက်ဦးအိတ်ချိန်း၊ ရေနီအိတ်ချိန်း၊ ကဝအိတ်ချိန်းတို့ဖြစ်သည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီးရှိ ကျပ်ပြင်အိတ်ချိန်းကိုလည်း ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်ပြီး ကေဘယ်ကွန်ရက်စနစ် (Copper Cable) အသုံးပြုစနစ်မှ မြန်နှုန်းမြင့်သတင်းအချက်အလက်ဝန်ဆောင်မှုပေးနိုင်သည့် ဖန်ကြိုးမျှင် (Fiber Cable) အသုံးပြုစနစ်သုံး တယ်လီဖုန်းများဖြင့် ပြောင်းလဲတပ်ဆင်မည်ဖြစ်သည်။ အော်တိုတယ်လီဖုန်းနံပါတ်များကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၃၁)ရက်တွင် ပြောင်းလဲတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် အသုံးပြုသူများ ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ၂၀၂၀ ခုနှစ်၊ ဇွန်လကုန်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလအတွင်းတွင် လက်ရှိနံပါတ် (သို့မဟုတ်) နံပါတ်အသစ်သို့ ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

HM-ဆ.သ.ရ

အူရီဒူးရဲ့ "ဒုန်းဒုန်းဒုန်း" အထူးအစီအစဉ်မှ ကားကံထူးရှင်ထွက်ပေါ်

အူရီဒူးရဲ့ "ဒုန်းဒုန်းဒုန်း" အစီအစဉ် ၅ ပတ်မြောက်နှင့် ၆ ပတ်မြောက် ကံထူးဆုချီးမြှင့်ပွဲမှ Suzuki Swift ကားကို ဝယ်နည်းစရာဖြင့်ကြုံတွေ့နေရချိန်တွင် ကံထူးရှင်ဖြစ်ခွင့်ရခဲ့ကြသည်။

မနေ့ထွေးခိုင်သည် အူရီဒူးရဲ့ ဒုန်းဒုန်းဒုန်း ဒေတာ Pack အစီအစဉ် ၂ခုထဲက ၉၅၀ MB ကို ဝယ်ယူဖြစ်ပြီး ဂိုးသွင်းတဲ့ဂိမ်းကို ကစားကြည့်သည့်အခါ အများဆုံး ၅ GB နဲ့အနည်းဆုံး ၂၅MB ဒေတာလက်ဆောင်များကို လက်ဝယ်ရရှိခဲ့သည်။ မနေ့ထွေးခိုင်သည် သူမမိခင်ဆုံးသွားသည့် ရက်လည်ဆွမ်းအလှူအတွက် အစားအစာများချက်ပြုတ်နေချိန်မှာ အူရီဒူး ဒုန်းဒုန်းဒုန်းအစီအစဉ် ကံထူးရှင်ကြေငြာသူကောင်းထက်ဇော်က ဖုန်းဆက်အသိပေးခဲ့သည်။ ဝမ်းနည်းနေချိန် ကားကံထူးရှင်ဖြစ်ခွင့်ရကြောင်း သိရတဲ့အတွက် အံ့ဩပြီးဝမ်းနည်းဝမ်းသာဖြစ်ရကြောင်း၊ ဒီကံထူးဆုမှာ သူမရဲ့ အမေကသူမ အပေါ်ထားတဲ့ မေတ္တာတွေကြောင့် ရရှိတဲ့ကံထူးဆုဖြစ်တယ်ဟု ယုံကြည်ထားကြောင်း မနေ့ထွေးခိုင်ကပြောကြားခဲ့သည်။

ထို့ပြင် ၆ ပတ်မြောက် ကံထူးရှင်ဖြစ်သည့်မင်္ဂလာဒုံမြို့နယ်က ကိုခန့်သူမောင်သည် မိုဘိုင်းလ်ဂိမ်းကစားရခြင်းကို ဝါသနာပါပြီး ဒုန်းဒုန်းဒုန်းဒေတာ pack ကို တစ်လပျမ်းမျှ (၄) ကြိမ် ဝယ်အသုံးပြုဖြစ်ပြီး ဒေတာ pack ဝယ်ယူပြီး ဂိုးသွင်းတဲ့ဂိမ်းကိုကစားတဲ့အခါ လက်ငင်းဒေတာလက်ဆောင်တွေကိုပါ ရရှိခဲ့ကာ သူ့ရဲ့သူငယ်ချင်းကျန်းမာရေးအတွက် ဆေးရုံတင်ဖို့ဆေးရုံကိုရောက်နေတဲ့အချိန်မှာပဲ ကောင်းထက်ဇော်က Suzuki Swift ကားကံထူးရှင် ဖြစ်တယ်ဆိုတဲ့အကြောင်းကို ဖုန်းဆက်ပြီးအကြောင်းကြားခဲ့ခြင်းဖြစ်သည်။သူငယ်ချင်းအတွက် စိတ်မကောင်းဖြစ်နေတဲ့အချိန်မှာ ထူးခြားစွာနဲ့အူရီဒူးရဲ့ ကားကံထူးရှင်ဖြစ်တယ်ဆိုတာကို သိခွင့်ရတဲ့ဝမ်းသာပီတိကို ထိန်းချုပ်ထားရတဲ့ခံစားချက်ကဘယ်လိုမှ သူ့ဘဝမှာမေ့မရတဲ့ အဖြစ်အပျက်တစ်ခုဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အူရီဒူး "ဒုန်းဒုန်းဒုန်း" အစီအစဉ်ရဲ့ ၅ ပတ်မြောက်နဲ့ ၆ပတ်မြောက်ရဲ့ Suzuki Swift ကားကံထူးရှင်တွေကို အူရီဒူးမြန်မာ၏ Chief Commercial Officer ဖြစ်သူ Mr. Alok Verma နဲ့ Chief Sales and Distribution Officer ဖြစ်သူ ဒေါ်ထားသန့်ဇင်တို့မှ ရန်ကုန်မြို့ရှိမြန်မာပလာဇာတွင် အခမ်းအနားကျင်းပပြုလုပ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်တွင် ပေးအပ်ခဲ့သည်။

အူရီဒူး၏ "ဒုန်းဒုန်းဒုန်း" အထူးအစီအစဉ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာစတင်ခဲ့ပြီး ၁၀ ပတ်တိတိကျင်းပပြုလုပ်သွားမှာဖြစ်ပြီး အခုဆိုရင် ၅ ပတ်မြောက်နဲ့ ၆ ပတ်မြောက်ကံထူးရှင်တွေအထိကို ကံထူးဆုတွေဖြစ်တဲ့ Suzuki Swift ကား၊ Honda Wave မော်တော်ဆိုင်ကယ်၊ iPhone 11 နဲ့ ရွှေဒင်္ဂါးပြားတွေကို ချီးမြှင့်ပြီးဖြစ်သည်။

လှမျိုး_ဆ.သ.ရ

Barcamp Yangon 2020 တွင် Mytel က Diamond Sponsor အဖြစ်ပါဝင်

Mytel သည် Barcamp Yangon 2020 ပွဲကြီးတွင် Diamond Sponsor အဖြစ် ပါဝင်ကူညီအားဖြည့်ခဲ့သည်။ (၁၀)ကြိမ်မြောက် Barcamp Yangon 2020 ပွဲကြီးကို ဖေဖော်ဝါရီလ (၁၅)ရက်နှင့် (၁၆)ရက်တွင် MICT Park Yangon ၌ စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပခဲ့သည်။

Barcamp Yangon 2020 ပွဲတွင် နည်းပညာဆိုင်ရာအကြောင်းအရာများသာမက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် မတူညီသည့်ကဏ္ဍအသီးသီးမှ စိတ်ဝင်စားဖွယ်အကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့သည်။ Barcamper ပေါင်း (၁၅၀၀)ကျော် တက်ရောက်ခဲ့ပြီး Topic ပေါင်း (၅၂)ခုကို လွတ်လပ်စွာ ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။ Barcamp Yangon ဒုတိယမြောက်နေ့ ပိတ်ပွဲအခမ်းအနား၏ Lucky Draw အစီအစဉ်တွင် ပွဲသို့တက်ရောက်လာသူများ ဟော်ရှင်စွာ ကံစမ်းနိုင်ရန် Mytel Myanmar က Fiber to the Home FTTH ကံစမ်းမဲ (၃)ခုကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နယ်ပယ်အသီးသီးက အတတ်ပညာရှင်များကလည်း ၎င်းတတ်ကျွမ်းသည့် အကြောင်းအရာများနှင့် အခြားဗဟုသုတများကို ဝေမျှပေးလေ့ရှိသည့် ဒီလိုပွဲမျိုးကို Mytel က တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ပေးခဲ့တဲ့သူတွေကိုလည်း Mytel အနေနဲ့ ကျေးဇူးတင်ရှိပြီး ပြည်သူတွေအတွက် နည်းပညာဆိုင်ရာဗဟုသုတတိုးပွားဖို့ရာ ကူညီဆောင်ရွက်ပေးသွားဖို့ အမြဲအဆင်သင့်ရှိလို့နေကြောင်း Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ်ဖြစ်သူ ဦးဇော်မင်းဦးက ပြောကြားခဲ့သည်။

HM–ဆ.သ.ရ

Mytel က (၄)ကြိမ်မြောက် e-Government ညီလာခံနှင့် ICT ပြပွဲအခမ်းအနားတွင် Gold Sponsor အဖြစ်ပါဝင်

Mytel သည် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နှင့် ၁၉ ရက် Myanmar International Convection Centre (2)၌ ပြုလုပ်ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် e-Government ညီလာခံနှင့် ICT ပြပွဲအခမ်းအနားအား Gold Sponsor အဖြစ် ပါဝင်ကူညီထောက်ပံ့ပေးခဲ့သည်။ ပွဲအခမ်းအနားတွင် Mytel မှ Brand Name SMS, Cloud PBX vs Sip Trunk, Water Supply Solution, Smart City Solution နှင့် Mytel Pay စသည့်အကြောင်းအရာများအား ဆွေးနွေးတင်ပြခဲ့သည်။

"Mytel အနေနဲ့ e-Government ညီလာခံနှင့် ICT ပြပွဲမှာ Gold Sponsor အဖြစ် ပါဝင်အားဖြည့်ပေးခဲ့ပြီး မြန်မာနိုင်ငံရဲ့ နည်းပညာကဏ္ဍကို တိုးတက်လာအောင် ကူညီပေးနိုင်တဲ့ခေါင်းစဉ်တွေကို တင်ပြဆွေးနွေးခွင့်ရလို့ Mytel အနေနဲ့ ရေရှည်မှာမြန်မာနိုင်ငံကို ဒစ်ဂျစ်တယ်နိုင်ငံအဖြစ် အသွင်ပြောင်းလဲနိုင်ဖို့ ကမ္ဘာတစ်ဝှမ်းကနိုင်ငံတွေနဲ့ ရင်ဘောင်တန်းနိုင်ဖို့ရာအထောက်အကူပြုစေမယ့် ခေါင်းစဉ်တွေဖြစ်တယ်လို့ ယုံကြည်ပါတယ်" ဟု Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ်ဖြစ်သူ ဦးဇော်မင်းဦးမှ ပြောကြားခဲ့သည်။

Mytel အနေနှင့် အဆိုပါခေါင်းစဉ်များအား ပွဲအတွင်းရှိ Mytel ၏ ပြခန်းငယ်များ၌ လာရောက်ကြည့်ရှုမေးမြန်းသူများအား တင်ပြခဲ့ပြီး စုံစမ်းမေးမြန်းမှုများအား ဖြေကြားရှင်းပြခဲ့ပြီး ဆွေးနွေးခဲ့သည့်အကြောင်းအရာများအနက် Bulk SMS ဟုခေါ်သည့် အစုပြုလိုက်စာတိုပေးပို့ခြင်း၏ လုပ်ဆောင်ချက်ဖွဲ့စည်းပုံများနှင့် My Sip Trunk ဟုခေါ်သည့် အင်တာနက်အခြေခံသည့် VoIP စနစ်အား အသေးစိတ်ရှင်းပြပေးခဲ့ကာ အခြားအရေးကြီးအကြောင်းအရာများဖြစ်သည့် Water Supply Solution ဟုခေါ်သည့် ရေမီတာအား တိုင်းထွားပြီး မီတာခပေးခြင်းစနစ်နှင့် Electricity Supply Solution ဟုခေါ်သည့် လျှပ်စစ်ဓာတ်အားတိုင်းထွာပြီး မီတာခပေးခြင်းစနစ်တို့အားလည်း မိတ်ဆက်ရှင်းပြခြင်းအပြင် ဗီယက်နမ်နိုင်ငံတွင် အဓိကအသုံးပြုနိုင်သည့် Smart City Solution အကြောင်းလည်းရှင်းပြခဲ့ကြောင်း သိရှိရသည်။

HM–ဆ.သ.ရ

ရိုးမဘဏ်နှင့် တယ်လီနောမြန်မာပူးပေါင်း၍ အသေးစားလုပ်ငန်းသုံးချေးငွေ ပေးအပ်

ရိုးမဘဏ်၏ ဒစ်ဂျစ်တယ် Smart Credit Business Product ဝန်ဆောင်မှုမှတစ်ဆင့် တယ်လီနောကိုယ်စားလှယ်များအား အပေါင်ပစ္စည်းမဲ့အသေးစားလုပ်ငန်းသုံးချေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

လုပ်ငန်းတိုးချဲ့ရန် အရင်းအနှီးလိုအပ်နေပြီး အာမခံလုံလုံလောက်လောက်မရှိသော အသေးစားစီးပွားရေးလုပ်ငန်းပေါင်း တစ်သိန်းကျော်ကို အဆိုပါပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ချေးငွေများထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ချေးငွေပမာဏမှာ မြန်မာကျပ်ငွေတစ်သိန်းကျပ်မှ သိန်း၁၀ဆယ်အထိလျှောက်ထားနိုင်ပြီး ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ တယ်လီနောငွေဖြည့်ကဒ်၊ အီလက်ထရွန်နစ် ဖုန်းဘေလ်စသည့် တယ်လီနောဝန်ဆောင်မှုများ ရောင်းနှုန်းပေါ်မူတည်၍ ရယူနိုင်မည့် ချေးငွေပမာဏကို တွက်ချက်ဆုံးဖြတ်ပေးမည်ဖြစ်သည်။

ယခုသဘောတူညီချက်အသစ်နှင့်အတူ တယ်လီနောကိုယ်စားလှယ်များအနေဖြင့် အပေါင်ပစ္စည်းပေးရခြင်း (သို့မဟုတ်)ရှည်လျားသော စာရွက်စာတမ်းကိစ္စများ ဆောင်ရွက်ရန်မလိုအပ်ဘဲ လုပ်ငန်းတိုးချဲ့ရန်ချေးငွေကို smart credit.yomabank.com မှတစ်ဆင့် အွန်လိုင်းပေါ်တွင် အချိန်မရွေး၊ နေရာမရွေးလျှောက်ထားနိုင်မည်ဖြစ်သည်။

လုပ်ငန်းရှင်များအနေနှင့် လုပ်ငန်းသုံးပစ္စည်းဝယ်ခြင်း၊ ဆိုင်ချဲ့ထွင်ခြင်း၊ ပိုများသည့်အသုံးစရိတ်များပေးချေခြင်းများတွင် ရိုးမဘဏ်ချေးငွေကို အသုံးပြုနိုင်ပြီး ချေးငွေကိုအချိန်မီ ပြန်ပေးဆပ်မည်ဆိုပါက နောက်ပိုင်းတွင် ပိုများသည့် ချေးငွေပမာဏကို ရယူနိုင်မည်ဖြစ်ကြောင်းသိရသည်။



ဇွဲ

ဦးမြင့်အေး (ရေယာဉ်မှူး)

ဦးမျိုးအောင် (သင်္ဘောသား)

ကိုအောင်အောင် (အကူဝန်ထမ်း)

ချယ်ရီ(၁) သင်္ဘောပေါ်မှ ရေထဲပြုတ်ကျသွားသောခရီးသည်အမျိုးသမီး တစ်ဦးကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဝန်ထမ်းသုံးဦးက ရဲဝံ့စွာကယ်တင်ခဲ့သည့် ရုပ်ရှင်ဆန်ဆန် အဖြစ်အပျက်တစ်ခု ဖေဖော်ဝါရီ ၁၈ရက် နံနက်ကဖြစ်ပွားခဲ့သည်။ ညီအစ်မနှစ်ဦးသည် သင်္ဘောထွက်ခွာနေချိန်တွင် ပြေးလိုက်လာပြီးတစ်ဦးက သဘောပေါ်ခုန်တက်နိုင်ခဲ့သည်။ သို့သော် အစ်မဖြစ်သူကျန်ခဲ့သဖြင့် အဆင်းအတက်ပိတ်ထားသောတံခါးကိုကိုယ်တိုင်ဖွင့်၍ ဆိပ်ခံတံတားပေါ်သို့ ပြန်အခုန်တွင် ရေထဲပြုတ်ကျပါတော့သည်။

ရေယာဉ်မှူးဦးမြင့်အေးသည် သဘောအပေါ်ထပ်မှခုန်ချပြီး ခရီးသည်အမျိုးသမီးကိုကယ်တင်ပါ တော့သည်။ သင်္ဘောသား ဦးမျိုးအောင်နှင့်အကူဝန်ထမ်းကိုအောင်အောင်တို့ကလည်း မဆိုင်းမတွေးပင် ဝင်ကူခဲ့ကြသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏သားကောင်းများ၏ ရဲဝံ့စွန့်စားသောဆုံးဖြတ်ချက်မှန်ကန် ကျွမ်းကျင်မှုကြောင့် ခရီးသွားပြည်သူတစ်ဦး၏အသက်ကိုကယ်ဝိတင်နိုင်ခဲ့ပါသည်။

သင်္ဘောပေါ်တွင် ဓာတ်ပုံဆရာတစ်ဦးလည်းပါလာခဲ့ပြီး ကယ်တင်ခဲ့ပုံကို အမိအရ မှတ်တမ်းတင်နိုင်ခဲ့ပြီး သတင်းမီडီယာများကဂုဏ်ပြုဖော်ပြခဲ့ရာ ပြည်သူအများကချီးကျူးဂုဏ်ပြုခဲ့ကြသည်။ သို့ဖြစ်ရာ ရေယာဉ်မှူးဦးမြင့်အေး၊ သင်္ဘောသား ဦးမျိုးအောင်နှင့်အကူဝန်ထမ်းကိုအောင်အောင်တို့၏ ရင်တွင်းစကားသံများကို ပရိသတ်အတွက်ဖော်ပြလိုက်ရပါသည်။

စာတည်းအဖွဲ့

ဦးမြင့်အေး (ရေယာဉ်မှူး)

မေး။ ။ ဆရာရဲ့နာမည်၊ ရာထူးနဲ့ လုပ်သက်လေးကို အရင်မိတ်ဆက်ပေးပါဦး။

ဖြေ။ ။ ကျွန်တော့်နာမည်က ဦးမြင့်အေးပါ။ ရေယာဉ်မှူးရာထူးနဲ့ တာဝန်ယူထားပါတယ်။ လုပ်သက်ကတော့ အနှစ် ၄၀ရှိနေပါပြီ။

မေး။ ။ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်လေးကို အသေးစိတ်ရှင်းပြပေးပါဦးဆရာ။

ဖြေ။ ။ ဖြစ်စဉ်ကတော့ မနက် (၁၀) နာရီ မိနစ် (၂၀) မှာ သင်္ဘောထွက်ခါနီး တံခါးတွေပိတ်ပြီး ထွက်ခွာတဲ့အချိန်မှာ ခရီးသည်အမျိုးသမီးနှစ်ယောက်ပြေးလာတယ်။ တစ်ယောက်က နောက်မှာကျန်နေခဲ့တယ်။ တစ်ယောက်ကအရင် ရောက်လာတယ်။ အဲ့ဒီအရင် ရောက်လာတဲ့ အမျိုးသမီးက သူ့အဖော်အမျိုးသမီး နောက်မှာကျန်နေခဲ့တော့ သင်္ဘောပေါ်ရောက်ပြီး တော့မှ ဘောပေါ်ပြန်ခုန်ချတယ်။ အဲ့ဒီအချိန်မှာ သင်္ဘောကဆိပ်ခံနဲ့ကွာနေပြီ။ သူပြန်ခုန်ချတဲ့အချိန်က ခြေထောက် တစ်ဖက်ပဲ ဆိပ်ခံပေါ်တော့ရောက်တဲ့အချိန်မှာ ရေထဲကျသွားပါတယ်။ အဲ့ဒီအချိန်မှာကျွန်တော်တို့က လိုက် ဆယ်ခဲ့ကြပါတယ်။

မေး။ ။ အဲ့ဒီလိုဖြစ်တဲ့အချိန်မှာ ဆရာဘယ်လိုစိတ်နဲ့ ရေထဲဆင်းပြီးလိုက်ကယ်ဖြစ်ခဲ့လည်း ဆိုတာသိပါရစေ ဆရာ။

ဖြေ။ ။ ဘယ်လိုစိတ်နဲ့လိုက်ကယ်ဖြစ်လည်းဆိုတော့ ဒီလိုကိစ္စကဖြစ်နေတော့ ကျွန်တော့်ဌာနနာမည်ပျက်မှာတော့ အဖြစ်မခံနိုင်ဘူး။ ကျွန်တော့်အသက်နဲ့လဲရင် လဲရပါစေ။ ကျွန်တော်ဒီခရီးသည်ကို ရအောင်ကယ်မယ်ဆိုတဲ့စိတ်နဲ့ကျွန်တော်ရေထဲကိုခုန်ဆင်းခဲ့တာပါ။ ခုန်ချပြီးလိုက်ကယ်ခဲ့တာပါ။

မေး။ ။ အရင်တုန်းကရော အခုလိုမျိုးအဖြစ်အပျက်ကြုံခဲ့ဖူးလားဆရာ။

ဖြေ။ ။ ထီးလှိုင်ရှင်မှာလည်း ခုလိုပဲတစ်ခါဖြစ်ဖူးတယ်။ အဲ့ဒီအချိန်တုန်းကလည်း ကျွန်တော်ခုလိုပဲလိုက်ကယ်ခဲ့ဖူးပါတယ်။ အခုနဲ့ဆို နှစ်ခါရှိပြီပေါ့။ အဲ့ဒီနှစ်ခါလုံးမှာလည်း ခရီးသည်ကဘာမှထိခိုက်မှုမရှိခဲ့ပါဘူး။ ထီးလှိုင်ရှင်မှာတုန်းက ပန်းဆိုးတန်းကနေဒလကိုသွားတာ။ အခုခရီးသည်က ဒလဘက်ကနေပြီးတော့ ရန်ကုန်ဘက်ကိုသွားတာပါ။

မေး။ ။ နောက် အခုလိုအဖြစ်အပျက်မျိုး ထပ်ကြုံတွေ့လာခဲ့ရင် ဆရာဘယ်လိုမျိုး ကူညီဆောင်ရွက်ဦးမလဲ ဆရာ။

ဖြေ။ ။ နောက်လည်း အခုလိုမျိုးကြုံခဲ့ရင် ကျွန်တော်တို့ကတော့အခုလိုပဲကယ်မှာပါ။ အသက်တစ်ချောင်းကယ်ကောင်းပါတယ်။ ဘယ်အသက်ပဲဖြစ်ဖြစ်ပါ။

မေး။ ။ ဆရာရဲ့ ဌာနအပေါ်ထားတဲ့ ခံယူချက်လေးကို လည်းသိပါရစေ။

ဖြေ။ ။ ဌာနအပေါ်မှာထားတဲ့ခံယူချက်ကတော့ ဌာနကိုအရမ်းတန်ဖိုးထားတယ်။ ဌာနကိုအရမ်းချစ်တယ်။ ကိုယ်တတ်နိုင်တဲ့ဘက်ကတော့ စွမ်းစွမ်းတမံ လုပ်နိုင်တဲ့ အင်အားရှိသရွေ့လုပ်မှာပါ။

မေး။ ။ အခုအဖြစ်အပျက်နဲ့ပတ်သက်ပြီးတော့ ခရီးသည်တွေကို ဆရာ့အနေနဲ့ ဘာများပြောချင်တာရှိမလဲ။

ဖြေ။ ။ ခရီးသည်တွေအပေါ် ပြောချင်တာကတော့ အတက်အဆင်းပြုလုပ်တဲ့အခါမှာ သင်္ဘောကပ်ပြီး တခါးဖွင့်ပြီးတော့မှ အတက်အဆင်းပြုလုပ်ပေးပါလို့ အမြဲတမ်းသတိပေးချင်ပါတယ်။ တချို့ခရီးသည်တွေက နားလည်မှုမရှိကြ ဘူး။ နားလည်မှုရှိစေချင်တာကတော့ အားလုံးအန္တရာယ်ကင်းကင်းရှင်းရှင်းနဲ့ အသွားအလာ လုပ်ကြပါ။ တံခါးဖွင့်ပြီး တော့မှသာ အတက်အဆင်း လုပ်ကြပါလို့ပြောချင်ပါတယ်။

ဦးမျိုးအောင် (သင်္ဘောသား)

မေး။ ။ ဆရာရဲ့အမည်နဲ့ ရာထူးကိုမိတ်ဆက်ပေးပါခင်ဗျာ။

ဖြေ။ ။ ကျွန်တော့်အမည်ကတော့ ဦးမျိုးအောင်၊ သင်္ဘောသားရာထူး လုပ်သက်ကတော့ နှစ် (၂၀)ရှိပါပြီ။

မေး။ ။ ကယ်ဆယ်ခဲ့ကြတဲ့ဖြစ်စဉ်နဲ့ပတ်သက်ပြီး ပြောပြပေးပါ။

ဖြေ။ ။ သူပြုတ်ကျသွားတဲ့အချိန်မှာ နောက်တံခါးကိုဖွင့်ပြီး သင်္ဘောဖောင်းကနေလျှောက်ပြီးတော့ အရှေ့ကို ဇော်ယာကွင်းတွေကို ပစ်ချဖို့အော်လိုက်တယ်။ အော်ပြီးတော့ ကျွန်တော်လည်း ဖုန်းပါသွားတာကို ခရီးသည်ကောင်မလေးကိုပေးပြီးတော့ ရေထဲခုန်ချတယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်ရေယာဉ်မှူးက ရေထဲအရင်ခုန်ချတယ်။ ရေယာဉ်မှူးက တက်မစင်ကအရင်ခုန်ချတယ်။ ကျွန်တော်က အနောက်တံခါးမှာရှိတာကို အောက်ထပ်ကခုန်ချတယ်။ ကယ်ခဲ့တယ်ပေါ့။ သူတို့ကထားဝယ်တွေ။ ရန်ကုန်ဖက်ကိုလာကျတာ။ ရေးကိုပြန်မှာ။ သူတို့က ညီအစ်မတွေ။ ပြုတ်ကျသွားတာက ညီမကျန်ခဲ့တာအမ။ ကယ်ပြီးတော့ မန်နေဂျာ ရုံးခန်းထဲလိုက်ပို့ပေးတယ်။ ဒီကကြီးကြပ်ရေးမှူးတွေရော ဌာနကတာဝန်ရှိသူတွေကော ခေါ်သွားတယ်။ သူ့ဆေးခန်းသွားချင်လာ ဆေးခန်းသွားချင်တယ်ဆိုလို့လိုက်ပို့ပေးတယ်။

မေး။ ။ ခရီးသည်ရေထဲပြုတ်ကျသွားတဲ့အချိန် ရုတ်တရက်စိတ်ထဲမှာဖြစ်ပေါ်လာပြီး ကယ်ခဲ့ဖြစ်ပုံ လေးပြောပြပေးပါ။

ဖြေ။ ။ ဒီမှာကဖြစ်လေ့ဖြစ်ထလေးတွေရှိတယ်။ ဖြစ်နေတော့ကျွန်တော်တို့လည်းတာဝန်ရှိတယ်။ နေလို့မရဘူး။ ကျွန်တော့်သင်္ဘောကဖြစ်သွားတယ်။ ကျွန်တော် ဝန်ထမ်းတစ်ယောက်လေ။ ကျွန်တော်တို့မကယ်ဖူးဆိုရင်လည်း ကျွန်တော်လည်းနာမည်ပျက်မယ်။ ဌာနလည်းနာမည်ပျက်မယ်။ ကျွန်တော်သင်္ဘောလည်းနာမည်ပျက်မယ်။ ပြီးတော့ ဝန်ထမ်းတွေအကုန်လုံးလည်း နာမည်ပျက်မယ်။ ခရီးသည်အသက်ထက်ကိုယ်အသက်ကိုပဓာနမထားဘဲ ကယ်လိုက်တာပါ။

မေး။ ။ ဌာနအပေါ်ထားရှိတဲ့ ခံယူချက်နဲ့ စိတ်ထားလေး ပြောပြပေးပါ။

ဖြေ။ ။ ကျွန်တော်တို့ဟိုးတုန်းက ဌာနတွေပြောင်းခွင့်ပေးတယ်။ ရေကြောင်းဦးစီးတို့ ဆိပ်ကမ်းတို့၊ ရေအရင်းအမြစ်တို့တွေလား။ ကျွန်တော်ကတော့ ကိုယ့်ဌာနမှာပဲ တစ်ခြားဌာနတို့ ဒီဌာနမှာပဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီဌာနမှာပဲမပြောင်းဖြစ်ခဲ့ဘူး။

မေး။ ။ ခရီးသည်လုံခြုံဖို့အတွက် ဘယ်လို့မျိုး ညွှန်ကြားချက်တွေပေးထားလဲ။

ဖြေ။ ။ ကျွန်တော်တို့ကို ရုံးချုပ်ကညွှန်ကြားထားတာရှိတယ်။ အခုသင်္ဘောကိုတက်လာပြီး။ ကျွန်တော်တို့က မိနစ်နှစ်ဆယ်ခေါက်ပေါ့။ မိနစ်နှစ်ဆယ်ပြည့်ပြီးဆိုရင် ကျွန်တော်တို့ထွက်ရတော့မယ်။ အပေါ်ကလည်းတံခါးပိတ်ပေးရမယ်။ ကျွန်တော်တို့ကလည်းတံခါးပိတ်ပြီး ကြိုးဖြုတ်ရမယ်။ အဲလို့မျိုး ညွှန်ကြားထားတယ်။

မေး။ ။ ရေယာဉ်ကို ဆိုက်ကပ်/ ထွက်ခွာချိန်မှာ ဆောင်ရွက်ရတာတွေသိပါရစေ။

ဖြေ။ ။ အမှန်တော့ချိတ်ဆက်မှုအားနည်းတာတွေမဟုတ်ဘူးလေ။ ကျွန်တော်တို့သင်္ဘောသားတွေက တံခါးမှာအမြဲတမ်းရှိတယ်။ သင်္ဘောအထွက်အကပ်။ တံခါးမှအမြဲတမ်းရှိတယ်။ အဖွင့်အပိတ်လုပ်ရတာပေါ့။ ကြိုးချိပြီးတဲ့အချိန်မှာ သင်္ဘောငြိမ်ပြီးလား။ အရှေ့ရောအနောက်ရော ငြိမ်ပြီးဆိုတော့မှ ကွာခြင်းပြုခြင်းမရှိဘူး။ အဲ့တော့မှာ တံခါးဖွင့် ပေးရတာ။ ခရီးသည်မရှိတော့ရင် ကျွန်တော်တို့အချိန်ပြည့်သွားပြီးဆိုရင် တံခါးအရင်ပိတ်ရတယ်။ တံခါးပိတ်ပြီးသွားမှ ထွက်တယ်။ အဲဒီအချိန်မှာ သူတို့နှစ်ယောက်ကရောက်လာတယ်။ တစ်ယောက်အတင်းခုန်တက်လိုက်တယ်။ တံခါးနားရောက်လာရော သူကိုတံခါးဖွင့်ပြီး နောက်တစ်ယောက်မပါလာတော့ တံခါးဖွင့်သူကိုလက်ပုတ်ပြီးတော့ ပြန်ဆင်းကျန်ခဲ့တာ ပြုတ်ကျတာပေါ့။ သူကအတွေ့အကြုံလည်းမရှိဘူးလေ။ ရေးကလာတဲ့အတွက် တစ်ခါမှလည်း မစီးဖူးတာလည်း ပါမှာပေါ့။

မေး။ ။ ချယ်ရီသင်္ဘောကိုလိုက်ပါစီးနင်းတဲ့ ခရီးသည်တွေကို လုံလုံခြုံခြုံစီးနင်းဖို့အတွက် ဘာများပြောချင်ပါလဲ။

ဖြေ။ ။ ခရီးသည်တွေအနေနဲ့ ဆင်းမယ်ဆိုရင် တံခါးဖွင့်ပြီးမှဆင်း တက်မယ်ဆိုရင်လည်း အချိန်ပြည့်တော့ မယ်ဆိုရင်လည်းမလိုက်နဲ့ တံခါးပိတ်ပြီးတော့ရင်ပေါ့။ တစ်ချို့ခရီးသည်တွေက စကားနားထောင်တယ်။ တစ်ချို့ခရီးသည်တွေက စကားနားမထောင်ဘူး။ ဝန်ထမ်းတွေမတက်နဲ့ဆိုရင် ခုနှစ်တက်တယ်။ ခုနှစ်ဆင်းတယ်။ အဲ့တာမျိုးတွေရှိတယ်။ အဲ့တာမျိုးတွေမလုပ်ဖို့အတွက်ပြောချင်တယ်။ ကျွန်တော်တို့ ခရီးသည်တွေရဲ့လုံခြုံရေးကို ဦးစီးပေးထားတဲ့အတွက် ဝန်ထမ်းများရဲ့ ပြောကြားညွှန်ပြမှုများကို နားထောင်လိုက်နာစေချင်ပါတယ်။ ဒါမှသာ ခရီးသည်များရဲ့လိုရာခရီးကို ဆက်လက်သွားနိုင်မှာပါ ဟုပြောသည်။

ကိုအောင်အောင် (အကူဝန်ထမ်း)

မေး။ ။ အစ်ကိုရဲ့နာမည်နဲ့ ချယ်ရီသင်္ဘောမှာ လုပ်ကိုင်နေတဲ့ ရာထူးလေးပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ ကျွန်တော့နာမည်အောင်အောင်ပါ ။ ဒလမြို့နယ်၊ ဗိုလ်မင်းရောင်(၃)လမ်းမှာနေပါတယ်။ ချယ်ရီ (၂) သင်္ဘောမှာ အကူဝန်ထမ်းဖြစ်ပါတယ်။

မေး။ ။ အစ်ကို ဒီမှာလုပ်ခဲ့တာ ဘယ်လောက်ကြာပြီဆိုတာလေး ပြောပြပေးပါအုံး။

ဖြေ။ ။ ကျွန်တော်က ဒီချယ်ရီသင်္ဘောစတင်ပြေးဆွဲကတည်းကတည်းက ဒီမှာလုပ်နေတာ (၅) နှစ်လောက်ရှိပါပြီ။

မေး။ ။ အမျိုးသမီး ရေထဲပြုတ်ကျတဲ့ဖြစ်စဉ်နဲ့ပတ်သက်တဲ့ အကြောင်းလေးပြောပြပေးပါဦး။

ဖြေ။ ။ ဖြစ်စဉ်မှာ ကျွန်တော်က နားရက်ရတဲ့ ချယ်ရီသင်္ဘောမှာပေါ့။ သင်္ဘောကိုဆေးသုတ်နေရင်းနဲ့ ခရီးသည် ပြုတ်ကျသွားတာတွေ့လို့ ဆင်းကယ်လိုက်တာပါ။

မေး။ ။ ဘယ်လိုစိတ်နဲ့ ရေထဲဆင်းကယ်ဖို့ လုပ်ဖြစ်သွားတာလဲခင်ဗျာ။ ပြောပြပေးပါ။

ဖြေ။ ။ ကျွန်တော်တို့က သင်္ဘောသန့်ရှင်းရေးလုပ်တာ၊ ဆေးသုတ်တာတွေလုပ်ရင်းနဲ့ ရေထဲခုန်ချပြီး လုပ်လိုက်ရတာပါ။ အခုလို ခရီးသည်တစ်ယောက်ပြုတ်ကျသွားတဲ့အခါမှာ လူ့အသက်ကိုကယ်ချင်တဲ့စိတ်ပေါ်ပေါက်လာလို့ ဆင်းပြီးကယ်လိုက်တာပါ ။

မေး။ ။ သင်္ဘောပေါ်မှာ ခရီးသည်တွေဘယ်လိုမျိုးတွေ

» ၈-၂၁

ဝူဟန်ရောက် မြန်မာကျောင်းသားများကို ပြန်လည်ခေါ်ဆောင်ခဲ့သည့် မြန်မာအမျိုးသားလေကြောင်းမှ လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြု

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့၌ သွားရောက်ပညာသင်ယူနေသည့် ပညာတော်သင်ဝန်ထမ်းများအား COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်ရန် သွားရောက်ခေါ်ယူရာတွင် Myanmar National Airline မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် လေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအားဂုဏ်ပြုပွဲကို ဖေဖော်ဝါရီလ (၂၀)ရက် ညနေပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ် (၅) အစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့သည်။ "ဒီနေ့ဟာ ချီးကျူးဂုဏ်ပြုထိုက်တဲ့သူတွေကို ချီးကျူးဂုဏ်ပြုရတဲ့အတွက်ကြောင့် မဂ််လာရှိတာပေါ့။ အားလုံးသိကြတဲ့အတိုင်း တရုတ်ပြည်ဝူဟန်မြို့ကနေစတင်ဖြစ်ပွားတဲ့ ကိုရိုနာ Nova Virus 2019 ပေါ့။ ဒီနေ့ထိ ကူးစက်ခံစားတဲ့သူပေါင်း ၇၅,၀၀၀ကျော် သေဆုံးတဲ့သူပေါင်း ၂၁၂ဖြယောက် ဒီနေ့မနက်ထိပေါ့။ အဲတော့ ပြန်ပြီး Recover ဖြစ်တဲ့သူလည်း တော်တော်တော့များတော်များလာပါပြီ။ ဒီရောဂါကြောင့်ခရီးသွားလုပ်ငန်းတွေ၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေ ကုန်ထုတ်လုပ်ငန်းတွေ အနှောင့်အယှက်တွေ နည်းနည်းဆုတ်ယုတ်ကျဆင်းမှုလေးတွေ ရှိနေတာကိုတွေ့နေရပါတယ်။ အခုဆိုရင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆို လည်း ထိခိုက်စပြုလာတယ်ပေါ့။ ဟောင်ကောင်နဲ့ စင်ကာပူ သွားတဲ့ ခရီးစဉ်တွေဟာလျော့နည်းလာပြီပေါ့။ ဒါကတော့ ကျွန်တော်တို့တားဆီးလို့မရတဲ့ဟာပေါ့။ လုပ်လို့ရတဲ့ဟာက ကိုယ့်နိုင်ငံက တခြားနိုင်ငံကိုရောက်နေတဲ့သူတွေကို တတ်နိုင်သမျှ ဘယ်လိုစောင့်ရှောက်မှာလဲပေါ့။ ဒါလည်းပဲ ခုနကပြောတဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနရော ကျန်းမာရေးဝန်ကြီးဌာနရော ဒီဖက်က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ မြန်မာအမျိုးသားလေကြောင်းရော တိုင်ပင်ပြီးတော့ လုပ်ခဲ့ကြတယ်။ ပထမဆုံးကတော့ ဝူဟန်ကလေဆိပ်ပိတ်လိုက်တယ်။ ဝူဟန်လေဆိပ်ကပိတ်လိုက်တော့ တစ်ခြားဘယ်လို့လုပ်ကြမလဲပေါ့။ ကျောင်းသားတွေကလည်း Facebook တွေမှာလည်း ပြောဆိုနေကြတာပေါ့။ သူတို့ကိုလာ မစဉ်းစား ကြတော့ဘူးလားပေါ့။ ဒါမျိုးတွေရှိတော့ ကျွန်တော်တို့ကစဉ်းစားပါတယ်။ ပထမမှာအဆင့်က ချန်ချကိုသယ်မယ်။ ချန်ချကနေပြီးတော့ ဟန္ဒိုင်းတစ်ခုခုပေါ့။ ဒီဖက်ကဆက်သွယ်နေတဲ့ ချန်ဒူးကနေတစ်ဆင့် သူတို့သယ်ဖို့ကြံကြတာပေါ့။ ချန်ချကနေပဲ ၁၄ရက်ကို ထပြီးတော့ စစ်ရတယ်။ ချန်ချသွားဖို့ ဟိုမှာသွားပိတ်နေတယ်။ ပိတ်နေတော့ ကျွန်တော်ဘယ်လို့ လုပ်ကြမလဲဆိုတော့ အမေရိကန်၊ ဂျပန်ကသယ်ကြပြီးပေါ့။ ကျွန်တော်တို့က သယ်လို့ရလားပေါ့။ အဲ့မှာ ကျွန်တော်တို့ဆက်သွယ်ကျတော့ အဲ့တုန်းက နှစ်နိုင်ငံပဲရှိသေးတယ်။ နောက်ပိုင်းကျတော့ ဩစတေးလျတို့ သယ်ကြတာပေါ့။ သယ်ကြတော့ ကျွန်တော်တို့သွားပြီးတော့ သယ်ယူကြမယ်။ စဉ်းစားပြီးတော့မေးတဲ့အခါ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် သံရုံးကဟိုဘက်က သံမတ်ကြီးက တော်တော်ကြီးစားပါတယ်။ ဒီဘက်ကနေလည်း မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ်ကလည်း တော်တော်ကြီးစားပါတယ်။ ဟိုဘက်က မြေပြင်ဝန်ဆောင်မှုလုပ်ငန်းမရှိတော့ ချန်ဒူးကိုယ်စားလှယ်ရုံးကနေတစ်ဆင့်လှမ်းခိုင်းရတယ်။ ဒီဘက်က သံအမတ်ကြီးနဲ့ အမြဲတမ်းဆက်သွယ်နေရတယ်။ လေယာဉ်နဲ့ တခြားခရီးသည်တွေကိုသယ်တဲ့အခါမှာ ခရီးသည်တွေက အထင်မြင် လွဲမှားတာတွေလည်းဖြစ်နိုင်တယ်။ ခရီးစဉ်တွေဖျက်လိုက်ပြီးတော့ ကျွန်တော့်မှာက လေးစင်းပဲရှိတာကို။ မြန်မာအမျိုးသားလေကြောင်းရဲ့ ဘိုရင်းလေးစင်းထဲကတစ်စင်းကိုယူသုံးတယ်။ တော်တော်ကိုသေသေချာချာစဉ်းစားပြီးလုပ်ခဲ့ကြတာပေါ့။ ဂျပန်နဲ့ အမေရိကန်က သယ်ထုတ်တာသန်းခေါင်

စာ-၂၀ »

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

စတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၁၈)ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ပင်းရင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီနာယကမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ e-Government ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဖြင့်ဆွေ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ e-Government ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသုခနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက် ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အဖြေခံမေးအတွင်းစာရင်းကိုင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ နာယကများ၊ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ် အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ နည်းပညာကုမ္ဗဏီများမှ တာဝန်ရှိသူများနှင့်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေးဦးစွာစတုတ္ထအကြိမ်မြောက် e-Government ညီလာခံနှင့် ကွန်ပျူတာနည်းပညာပြပွဲအခမ်းအနားကို e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသုခနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယကမှ ဦးသိန်းဦး၊ ဥက္ကဋ္ဌ ဦးမင်းဇေယျာလွင်၊ Huawei Technologies (ရန်ကုန်) ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် Mr.Ding Zhao Yi ၊ MyanTel Holdings ဥက္ကဋ္ဌ ဒေါက်တာကျော်ထူး၊ လင်းနှင့် Oracle Corporation အကြီးတန်းဒုတိယဥက္ကဋ္ဌ Mr.Chung Heng Han တို့က open ခလုပ်နှိပ်ပြီး ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Augmented Reality ကွန်ပျူတာနည်းပညာဖြင့် ဖန်တီးပုံဖော်ထားသော ကနေ့ပင်မင်းသား၏ ပုံရိပ်များကို လက်ရှိအပြင်ကမ္ဘာနှင့် ရောယှက်ကာပုံဖော်ထားသည့် နည်းပညာကိုပြသသည်။

ယင်းနေ့တက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒုတိယသမ္မတ ဦးဖြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသုခနှင့် ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦး နှင့် ဥက္ကဋ္ဌဦးမင်းဇေယျာလွင်၊ Augmented Reality ကွန်ပျူတာနည်းပညာဖြင့်ပုံဖော်ထားသည့် ကနေ့ပင်မင်းသားပုံရိပ်နှင့်အတူ မှတ်တမ်းတင်စာတပ်ပုံရိုက်ကြသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီ နာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် "ကျွန်မတို့ စတုတ္ထအကြိမ်မြောက် အီလက်ထရောနစ်အစိုးရညီလာခံနှင့် အိုင်စီတီပြပွဲ (နေပြည်တော်) အခမ်းအနားကို ကြေရောက်လာဝတ်စည်သည်တော်များအား လုံးကို ကြိုဆိုနှုတ်ခွန်းဆက်သပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး ကျွန်မပထမဦးဆုံးပြောရမယ်ဆိုရင် ကျွန်မတို့ အခုနည်းပညာကုမ္ဗဏီများမှ တာဝန်ရှိသူများနှင့်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ကျွန်ပျူတာအသင်းချုပ်နာယကက ဦးသိန်းဦး၊ ဥက္ကဋ္ဌ ဦးမင်းဇေယျာလွင်၊ Huawei Technologies (ရန်ကုန်) ကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ် Mr.Ding Zhao Yi ၊ MyanTel Holdings ဥက္ကဋ္ဌ ဒေါက်တာကျော်ထူး၊ လင်းနှင့် Oracle Corporation အကြီးတန်းဒုတိယဥက္ကဋ္ဌ Mr.Chung Heng Han တို့က open ခလုပ်နှိပ်ပြီး ဖွင့်လှစ်ပေးကြသည်။ ဒါမှ ကျွန်မတို့ပြည်သူ့ထွေ အားလုံးကနေ တဖြည်းဖြည်း နည်းပညာတွေနဲ့ ယဉ်ပါးလာအောင် ပညာတတ်တွေ၊ ကျွမ်းကျင်သူတွေအတွက်သာမဟုတ်ဘူး၊ ပြည်သူ့အားလုံးအတွက် ဖြစ်တယ်ဆိုတာကို ထင်ရှားစေချင်ပါတယ်။

အီလက်ထရောနစ်အစိုးရ (e-Government) ကို အကျိုးတရားများစွာကိုရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အစိုးရရဲ့ လုပ်ငန်းလုပ်ဆောင်မှုများ လွယ်ကူလျင်မြန်လာစေဖို့၊ လုပ်ငန်းများပိုမိုတွင်ကျယ်စေဖို့၊ ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ချနိုင်ဖို့၊ ဝန်ဆောင်မှုပေးရာမှာ တိုးတက်ကောင်းမွန်လာစေဖို့၊ ပြည်သူ့ဝေရှိလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာမှာ ပွင့်လင်းမြင်သာမှုရှိစေ၊ တို့ပြန်မှအားကောင်းစွာနဲ့ လျှင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေဖို့၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးလာစေဖို့ဖြစ်ပါတယ်။ e-Government ကို အကောင်အထည်ဖော်ခြင်းဖြင့် အစိုးရရဲ့ပြည်သူ့ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနအချင်းချင်း အစိုးရရဲ့နိုင်ငံ၀နိတယဆိုးများ အကြား ဝေးကွာမှုတွေလျော့ကျလာပြီး အစိုးရဌာနများနဲ့ ဆက်ဆံဆောင်ရွက်တဲ့ ကိစ္စတွေလွယ်ကူလျင်မြန်လာစေမှာဖြစ်ပါတယ်။

e-Government ဟာ တိုင်းပြည် ပိုမိုမှဲဖြိုးတိုးတက်လာစေဖို့ စွမ်းဆောင်ပေးနိုင်တဲ့အရာ (Enabler) တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ လိုအပ်နေတဲ့နိုင်ငံရဲ့ ရရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရရှိဖို့ ဆင်းရဲမွဲတေ လျော့ချနိုင်ဖို့အတွက် e-Government အကောင်အထည်ဖော်မှုများက အလွန်အရေးပါပါတယ်။ e-Government ရဲ့ အကျိုးသက်ရောက်မှုကလည်း အလွန်ပဲများပါတယ်။ ဒါကြောင့် e-Government ကဏ္ဍာ တိုးတက်မှုမရှိရင် ပြည့်နှစ်ဝဝတိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု လို့ပြောလို့မရတော့ပါဘူး။ အခုဆိုရင် ကမ္ဘာကုလသမဂ္ဂ အဖွဲ့က e-Government ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကိုတိုင်းတာတဲ့ ဖွံ့ဖြိုးမှုညွှန်းကိန်း (development indicator) တစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ အဲဒီ e-Government ဖွံ့ဖြိုးမှုညွှန်းကိန်းကို အွန်လိုင်းဝန်ဆောင်မှုများ ညွှန်းကိန်း၊ ဆက်သွယ်ရေးတယ်လီကွန်ဖြူးနီကေးရင်း အခြေခံအဆောက်အဦ ဆိုင်ရာညွှန်းကိန်းနဲ့ လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းဆိုတဲ့ ညွှန်းကိန်း (၃)ခုကို အသုံးပြုပြီး တိုင်းတာတတ္တိကျကျတာကို တွေ့ရှိရပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ e-Government ညွှန်းကိန်းကိုကြည့်ရင် ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း (၁၉၇)နိုင်ငံအနက် အဆင့် (၁၆၉)၊ ၂၀၁၈ ခုနှစ်မှာ အွန်လိုင်းဝန်ဆောင်မှုများနဲ့ ဆက်သွယ်ရေးအခြေခံအဆောက်အဦတွေ အထူးသဖြင့် မိုဘိုင်းလ်ဆက်သွယ်ရေးမှာ တိုးတက်လာလို့ (၁၇၇) အဆင့်ကို တိုးတက်လာခဲ့ပါတယ်။ ဒါပေမယ့် ညွှန်းကိန်း တန်ဖိုးတွေဟာ အာဆီယံဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ဒေသရဲ့ပျမ်းမျှအောက် ရောက်နေသေးတာကို တွေ့ရှိရပါတယ်။ ကျွန်မတို့ ဒီထက်ပိုပြီး အရှိန်အဟုန်နဲ့ ကြိုးပမ်းကြဖို့လိုသေးတယ်ဆိုတာကို ပြသနေတာပါ။

e-Government ဝန်ဆောင်မှုတွေပေးရာမှာလည်း အားလုံးတန်းတူ အသုံးပြုနိုင်ခွင့်ရှိဖို့ကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ ဝေးလံခေါင်ဖျား ကျေးလက်ဒေသများ အတွက် မိုဘိုင်းလ်နဲ့ အင်တာနက်ဆက်သွယ်ရေရှိနိုင်အောင် စနစ်တကျသုံးစွဲတတ်အောင် သုံးစွဲနိုင်စွမ်းရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

အခုဆိုရင် e-Government အကောင်အထည်ဖော်ဖို့လိုအပ်တဲ့ အခြေခံအဆောက်အဦများကိုလည်း တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနများ အချင်းချင်းချိတ်ဆက်ထားတဲ့ ဆက်သွယ်ရေးကွန်ရက်ကို လည်း တည်ဆောက်ထားပြီးပါပြီ။ အစိုးရဝန်ကြီးဌာနများရဲ့ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းထားနိုင်ဖို့၊ ဝန်ဆောင်မှုများပေးနိုင်ဖို့ အစိုးရဒေတာစင်တာ တစ်ခုတည်ဆောက်သွားနိုင်ဖို့လည်း စီမံဆောင်ရွက်နေပါပြီ။ အရေးကြီးတဲ့ ဥပဒေပိုင်းမှာလည်း e-Government အတွက် လိုအပ်နေတဲ့ဥပဒေတစ်ချို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သလို ဆိုက်ဘာပြစ်မှုများဆိုင်ရာဥပဒေ၊ ဒေတာလုံခြုံရေး ဆိုင်ရာဥပဒေစတဲ့ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေကြပါပြီ။ e-Government အကောင်အထည်ဖော်ရာမှာ ဌာနမှများ အလိုက်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် ဆောင်ရွက်နေတာတွေရှိသလို အစိုးရဝန်ထမ်းများရဲ့ အိုင်စီတီကျွမ်းကျင်တတ်မြောက်မှုစွမ်းရည်ကို ဖြည့်ဆည်းပေးဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်နဲ့ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆပ်ကော်မတီတို့က လည်း ဝန်ထမ်းများကို အခြေခံအိုင်စီတီ ကျွမ်းကျင်မှု ဆိုင်ရာသင်တန်းများ ပို့ချပေးနေဖြင့်ဖြစ်ပါတယ်။ အထူး ပြုနည်းပညာ ကျွမ်းကျင်မှုများအတွက်လည်း ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှာ အထူးပြုသင် တန်းတွေကို အခါအခွင့်သင့်သလို ပို့ချဆောင်ရွက်ပေး နေပါတယ်။ အစိုးရဌာနအသီးသီးအနေနဲ့ e-Government ကို အကောင်အထည်ဖော်ရာမှာ အစိုးရရဲ့ လုပ်ငန်းစဉ်များနဲ့ အလုပ်လုပ်ကိုင်တဲ့ ပုံစံတွေကိုလည်း တိုးတက်နေတဲ့ နည်းပညာများနှင့်အညီ လိုက်လျောညီထွေဖြစ်တဲ့ပုံစံတွေနဲ့ ပြောင်းလဲသွားကြရမှာပါ။ ဒီလို လိုက်လျောညီထွေဖြစ်အောင် မပြောင်းလဲနိုင်ရင် e-Government မအောင်မြင်နိုင်ကြောင်း သတိပြုကြဖို့ မှာကြားလိုပါတယ်။

အများပြောနေကြတဲ့ ၁စ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း (Digital Transformation) ဆိုတာက ကျွန်မတို့ အခုနေထိုင်နေတဲ့ လူမှုပတ်ဝန်းကျင်မှာ ၁စ်ဂျစ်တယ် နည်းပညာကိုသုံးပြီး လုပ်ငန်းတွေပိုမို မြန်ဆန်အဆင် ပြေရောမျှေ့ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ အခုဆိုရင် လုတ္တိုင်းနီးပါး Smart Phone တွေ သုံးလာနိုင်တဲ့အတွက် ဖုန်းကနေ တစ်ဦးနဲ့တစ်ဦးဆက်သွယ်နိုင်တယ်၊ သတင်း အချက်အလက်တွေပို့နိုင်တယ်၊ ရောင်းတာ၊ ဝယ်တာ တွေလုပ်နိုင်တယ် စသည်ဖြင့် နေ့စဉ်လူမှုဘဝလုပ်ငန်း တော်တော်များများကို ဖုန်းတွေနဲ့ မြန်မြန်ဆန်ဆန်နဲ့ အဆင်ပြေပြေ ဆောင်ရွက်လာနိုင်တာတွေ,ရမှာဖြစ်ပါတယ်။ အခုဆို Smart Phone တွေဟာ စံလိုပြော မထားပေမယ့် စံတစ်ခုဖြစ်နေတဲ့ လက်တွေ့,အားဖြင့် ပကတိအရှိတရား(de-facto) Digital Platform တစ်ခုဖြစ်လာပြီး Smart Phone တွေကို အသုံးချပြီး အစိုးရရဲ့ ဝန်ဆောင်မှုတွေကို ဘယ်လိုလွယ်ကူလျင်မြန်စွာပေးနိုင်မလဲဆိုတာကို စဉ်းစားပြီး e-Government လုပ်ငန်း တွေ Digital Platform ပေါ်ရောက်အောင် ရွှေ့ပြောင်း ကြဖို့ မှာကြားလိုပါတယ်။

ဒီနေရာမှာ တစ်ဆက်တည်းပြောချင်တာကတော့ အခုလို Smart Phone တွေနဲ့ အင်တာနက်ကို သုံးစွဲ တဲ့နေရာမှာ အသုံးပြုနေကြတဲ့ Mobile SIM Card ကိစ္စပဲ ဖြစ်ပါတယ်။ Online ဝန်ဆောင်မှု တွေကိုသုံးစွဲ ကြတဲ့အခါ Mobile ဖုန်းနံပါတ်ကို အသုံးပြုပြီး Authenticate သုံးစွဲသုမှန်ကန်ကြောင်း စိစစ်သက်သေခံတဲ့ လုပ်ငန်းစဉ်တွေကို ပြုလုပ်ကြရပါတယ်။ ဒီလိုအသုံးပြု ကြရတဲ့အခါမှာ မိမိမြန်မာကြောင်း စစ်ဆေးသက်သေခံ လုပ်ငန်းစဉ်တွေကို ပြုလုပ်ကြရပါတယ်။ ဒီလိုအသုံးပြု အမှာက် လုပ်ငန်းဆောင်ရွက်လိုသူ၊ ဆိုက်ဘာပြစ်မှု ကျူးလွန်လိုသူတွေက SIM Card Registration လုပ် ငန်းစဉ်ရဲ့အားနည်းချက်ကိုအသုံးချပြီး သတင်းတု သတင်းမှားတွေဖြန့်ဝေခြင်း၊ အမုန်းစကားတွေ ဖြန့်ဝေ ခြင်း၊ ဆိုက်ဘာပြစ်မှုကျူးလွန်ခြင်း စတာတွေကို ကျူး လွန်နေကြပါတယ်။ ဒီလိုဖြစ်စဉ်တွေကိုထိန်းကျောင်း ဖို့ SIM Registration လုပ်ငန်းစဉ်ကို ဥပဒေလုပ်ထုံ လုပ်နည်းနဲ့အညီ စီမံဆောင်ရွက်လျက်ရှိပါတယ်။ အသိ အမြင်နဲ့ တာဝန်ခံမှုရှိတဲ့ တာဝန်သိပြည်သူ့တွေအနေနဲ့ SIM Registration လုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပေးဆောင် ရွက်ကြစေလိုပါတယ်။ ပြည်သူ့တွေ ပူးပေါင်းပါဝင်ပါမှ တရားဥပဒေနဲ့ဝိုးဝိုးရေးအပါအဝင် နိုင်ငံတည်ငြိမ်အေး ချမ်းရေး၊ တိုးတက်ရေးတွေအတွက် အထောက်အကူ ဖြစ်မှာမို့ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်တာ ဖြစ်ပါတယ်။

တစ်ခါတည်းပြောရမယ်ဆိုရင် ကိုယ်ကအဖြစ်မ လုပ်ထားဘူး၊ မဟုတ်တာမလုပ်ထားဘူးဆိုရင် အခု စည်းမျဉ်း၊ စည်းကမ်းတွေကိုလိုက်နာဖို့ရာ ဘာမှမခဲ့ လေးစားရမလိုပါဘူး။ ကိုယ်ဟာဘယ်သူလဲဆိုတာ ဖုံးဖိထားဖို့ ရည်ရွယ်ချက်ရှိတယ်။ ဖုံးဖိထားဖို့လိုနေပြီ ဆိုကတည်းက တစ်ခုခုတော့မမှန်ဘူးဆိုတာ ကျွန်မတို့ ခန့်မှန်းလို့ရပါတယ်။ ဒါကြောင့်ဒီရင့် အပြစ်မရှိတဲ့ပြည် သူများ၊ ရိုးရိုးသားသားဖုန်းတွေကို သုံးစွဲနေတဲ့ ပြည် သူများအနေနဲ့ အခုကျွန်မတို့ရဲ့ထုတ်ထားတဲ့ ညွှန်ကြား ချက်နဲ့ကိုက်ညီစွာ SIM Card တွေကို မှတ်ပုံတင်ပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

အစိုးရကနေ နိုင်ငံသားတွေသိသင့်တဲ့ အချက်အ လက်တွေ၊ အကျိုးကျေးဇူးရရှိစေမယ့် အချက်အလက် တွေကို အများသိအောင်ထုတ်ပြန်ပေးတဲ့စနစ် (Open Data System)ကိုလည်း ရေ့ဆက်ပြီး အကောင်အထည် ဖော်မှာဖြစ်ပါတယ်။ အွန်လိုင်းမှအသုံးပြုတဲ့အခါ ကိုယ်ရဲ့သက်သေခံလက်မှတ်အဖြစ် အသုံးပြုနိုင်မယ့် အီလက်ထရောနစ် သက်သေခံလက်မှတ် (Certification Authority – CA, Digital Signature)ကိုလည်း မကြာမီထုတ်ပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါအပြင် မြန်မာနိုင်ငံအတွင်းနေထိုင်သူအဖြစ် မှတ်ပုံ တင်ခြင်းလုပ်ငန်းကို သတင်းအချက်အလက်နည်းပညာ အသုံးပြုပြီး နံပါတ်သတ်မှတ် (Unique ID) ထုတ်ပေး ခြင်းလုပ်ငန်းကိုလည်း အကောင်အထည်ဖော်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီလိုစနစ်တွေကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် e-Government လုပ်ငန်းစဉ်များအတွက် အခြေခံလို အပ်ချက်ဖြစ်တဲ့ အတည်ပြုခြင်း (Verification) သတ် မှတ်ခြင်း (Identification) နဲ့ခွင့်ပြုခြင်း(Authentication) တို့ကို ၁စ်ဂျစ်တယ်နည်းပညာနဲ့ လျင်မြန်တိကျ လုံခြုံစွာ ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

အခုဆို ကမ္ဘာ့ရေ့ဆွေ့က စတုတ္ထမြောက်စက်မှု

စာ-၂၀ »

မြန်မာ-ဂျပန် ရေနှင့်ဆက်နွယ်သည့် လုပ်ငန်းများဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံရေပေးဝေရေးလုပ်ငန်း တိုးတက်ကောင်းမွန်စေရေးအတွက် ရှေ့လုပ်ငန်းစဉ်များအား နှစ်ဘက်သိုမှန်းရန်နှင့် နည်းပညာနှင့် အတွေ့အကြုံများအား ဖလှယ်ရန်အတွက် မြန်မာ-ဂျပန် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ (၆)ရက်က ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် ကိုယ်စားလှယ်များ၊ ဂျပန်သံရုံးမှ ကောင်ဆယ်လာ မစ္စတာ တာကီမီကာဇူယူကီ၊ ဂျပန်နိုင်ငံကျန်းမာရေး၊ အလုပ်သမားနှင့် ဖူလုံရေးဝန်ကြီးဌာန၊ ရေပေးဝေရေးစီမံကိန်းရေးဆွဲရေးနှင့် ညွှန်ကြားရေးရုံးမှ ညွှန်ကြားရေးမှူး မစ္စတာ ဂျူနိုချိဟီအိုးကီနှင့် ကိုယ်စားလှယ်များ၊ JICA မှ ပညာရှင်များ တက်ရောက်ခဲ့သည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် ဂျပန်သံရုံးမှ ကောင်ဆယ်လာ မစ္စတာ တာကီမီကာဇူယူကီတို့က အဖွင့်မှာစကားများ ပြောကြားခဲ့ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ရေပေးဝေရေးနှင့်ဆက်နွယ်သည့်အဖွဲ့အစည်းများ၊ ကျေးလက်ဒေသရေပေးဝေရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရေပေးဝေမှုဆိုင်ရာကိစ္စရပ်များ၊ ရေကဏ္ဍ၌ ဂျပန်နိုင်ငံမှ ပုဂ္ဂလိကလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ နှစ်ဘက်လုပ်ငန်း ဆောင်ရွက်မှုနှင့် အတွေ့အကြုံများကို ပညာရှင်များမှရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရေနှင့်ဆက်နွယ်သည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်း ရေပေးဝေရေးစီမံခန့်ခွဲမှု Focal အဖွဲ့အစည်းအဖြစ် ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ အတွေ့အကြုံများအားဖလှယ်ရန်နှင့် ပညာရပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးရန် မြန်မာ-ဂျပန် ရေနှင့်ဆက်နွယ်သည့်လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲကို (၁၉-၅-၂၀၁၉)ရက်တွင် ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ပူးပေါင်းကျင်းပခဲ့ပြီး ယခုနှစ်တွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခြင်းဖြစ်သည်။ ဆွေးနွေးပွဲများမှတစ်ဆင့် မြန်မာ- ဂျပန်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေပေးဝေရေးလုပ်ငန်းများဖော်ဆောင်မှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများအတွက် အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

Transcom

ကုန်းလမ်းပို့ဆောင်ရေး အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်း အမှတ်စဉ် (၅၀/၂၀၂၀) သင်တန်းဖွင့်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးမှဖွင့်လှစ်သည့် အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်းအမှတ်စဉ် (၅၀/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် ဖေဖော်ဝါရီလ ၁၅ ရက်ကကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်း အနားသို့ ကုန်းလမ်းပို့ဆောင်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ သင်တန်းသားများတက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်းအမှတ်စဉ် (၁) ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်တွင် သင်တန်းသား (၅၀) ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းအမှတ်စဉ် (၄၉)အထိ သင်တန်းသားဦးရေ (၂၂၇၈)ဦး သင်တန်းဆင်းသွားပြီဖြစ်ပါတယ်။

သင်တန်းဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်မှာ (ခ)လိုင်စင်သက်တမ်း (၃)နှစ်ပြည့်ပြီး အသက် (၂၁)နှစ်အထက်ရှိသူနိုင်ငံသားများကို အဆင့်မြင့်ကုန်တင်ယာဉ်ကြီးများ မောင်းနှင်ရာတွင် ဘေးကင်းလုံခြုံစွာဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ စနစ်တကျမောင်းနှင်နိုင်သော အရည်အသွေးပြည့်ဝသည့် ယာဉ်မောင်းကောင်းများမွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်တို့အတွက် ရည်ရွယ်၍ဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်ဟုပြောသည်။

ကုန်စည်ပို့ဆောင်ရေး ယာဉ်ကြီးမောင်းနှင်သည့် အင့ားယာဉ်မောင်းလိုင်စင် (c) လိုင်စင်ရှိ ယာဉ်မောင်းများ နိုင်ငံခြားထွက်၍ ယာဉ်များမောင်းနှင်ခြင်း၊ အဝေးပြေးယာဉ်များမောင်းနှင်ခြင်း၊ ကိုယ်ပိုင်ယာဉ်၊ အင့ားယာဉ်များမောင်းနှင်ခြင်း စသည်တို့အတွက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် သတ်မှတ်လိုင်စင် (c) ရှိသည့် ယာဉ်မောင်း အခက်အခဲဖြစ်ပေါ်နေသည့်အတွက် မြန်မာနိုင်ငံကုန်သွယ်တွာယာဉ်အသင်း၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းတို့နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့ညှိနှိုင်းချက်အရ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ (ခ)လိုင်စင် (၅) နှစ်ပြည့်မှ (c)လိုင်စင် ဝင်ရောက်ဖြေဆိုခွင့်ကိုဖြေလျော့ပြီး လက်ရှိ ယာဉ်ကိုကျွမ်းကျင်စွာမောင်းနှင်နိုင်သည့် (ခ) ယာဉ်မောင်းလိုင်စင် (၃)နှစ်ပြည့်သည့် ယာဉ်မောင်းများကို သင်တန်းတက်ရောက်စေကာ သင်တန်းအောင်မြင်ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနတွင် အင့ားယာဉ်မောင်း (c)လိုင်စင်ဖြေဆိုရ အောင်မြင်ပါက ကုန်တင်ယာဉ်ကြီးမောင်းနှင်ခွင့်ပြုသည့် (c)လိုင်စင်ရရှိမည့်သင်တန်းဖြစ်ပါတယ်ဟုပြောသည်။

ယာဉ်မောင်းနှင်မှုသည့် အတက်ပညာတစ်ခုဖြစ်၍ စနစ်တကျသင်ကြားတက်မြောက်ရန်လိုအပ်ပါတယ်။ စနစ်တကျသင်ကြားပို့ချသော သင်တန်းတစ်ခုခုတက်ရောက်အောင်မြင်ပြီးမှသာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်အနည်းဆုံး မောင်းနှင်နိုင်မည်ဖြစ်ပါတယ်။ သင်တန်းကာလအတွင်း သင်ခန်းစာများကိုကုန်းလမ်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ သင်တန်းဆရာများက သင်ကြားပို့ချသွားမည်ဖြစ်ပါတယ်ဟုပြောသည်။

သင်တန်းသားများအနေဖြင့် သင်တန်းမှာပို့ချသည့် စာတွေ့၊ လက်တွေ့သင်ခန်းစာများကို စိတ်ပါဝင်စားစွာ ဂရုတစိုက်လိုက်နာမှတ်သားကြပါ။ ထုတ်ပြန်ထားတဲ့ သင်တန်းစည်းကမ်းများကိုလည်း တိကျစွာလိုက်နာကြပါ။ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ညီညီညွှတ်ညွှတ်နေထိုင်ပြီး သင်တန်းအောင်မြင်ပြီးဆုံးအောင်တက်ရောက်ကြပါဟု မှာကြားခဲ့ကြောင်း သိရသည်။

ဝါဖလေ

မတ်လ (၃)ရက်မှစ၍ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် မှတ်ပုံတင်ကြေးကောက်ခံမှုစနစ် ပြောင်းလဲမည်

ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (DOL) ထုတ်ရာတွင် ကောက်ခံနေသည့် မှတ်ပုံတင်ကြေးများကို ယာဉ်တစ်စီးချင်းနှုန်းထားပေါ်အခြေခံသည့် ငွေကောက်ခံမှုစနစ်ဖြင့် မတ်လ (၃)ရက်တွင် ပြောင်းလဲကောက်ခံမည်ဖြစ်ကြောင်း လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနမှ သိရသည်။

လက်ရှိတွင် ကောက်ခံသည့် အခွန်နှုန်းထားမှာ ယာဉ် (၁)စီးမှ (၅) စီးအထိ နှစ်သောင်းခွဲ၊ (၆)စီးမှ (၁၀) စီး အထိ အခွန်နှုန်းထားသည် (၆)သောင်း ဖြစ်သော်လည်း (၁၁)စီးဖြစ်သွားပါက (၁၂,၀၀၀)ကောက်ခံသဖြင့် (၆) သောင်းပိုသွင်းရသကဲ့သို့ ဖြစ်နေသောကြောင့် ယာဉ် (၁) စီးချင်းအလိုက် ပြောင်းလဲကောက်ခံခြင်းဖြစ်သည်။ ယခုအခါ ယာဉ်အရေအတွက် အုပ်စုလိုက်အပေါ်အခြေခံကာ ကောက်ခံနေပြီး မတ်လ (၃)ရက်ကို ပြောင်းလဲကောက်ခံမှုမှာ အခွန်ဈေးနှုန်းပြင်ဆင်ခြင်းမဟုတ်ဘဲ စနစ်တစ်ခု ပြောင်းလဲကောက်ခံခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ထုတ်ပြန်သည့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေအရ ယာဉ်(၁) စီးချင်းနှုန်းထားအပေါ်အခြေခံသည့် ငွေကောက်ခံမှုစနစ်ဖြင့် လာမည့် မတ်လ (၃)ရက်မှစတင်ပြီး ပြောင်းလဲကောက်ခံမည်ဖြစ်သည်။

ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးရာတွင် (၁)စီးချင်းအလိုက် မှတ်ပုံတင်ခများမှာ (၂)တန် (သို့မဟုတ်) လူ (၁၇)ဦးအထိ (၅,၀၀၀)ကျပ်၊ (၂)တန်အထက်မှ (၉)တန်အထိ (သို့မဟုတ်) (၄၀)ဦး အထိ (၇,၀၀၀)ကျပ်၊ (၉)တန် (သို့မဟုတ်) (၄၁)ဦးအထက် (၁,၀၀၀၀)ကျပ် ကျသင့်မည်ဖြစ်ပြီး တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ကျော်ကားများ အနေနှင့် (၂)တန် (သို့မ ဟုတ်) (၁၇)ဦးအထိ (၈,၀၀၀) ကျပ်၊ (၂)တန်အထက်မှ (၉)တန်အထိ (သို့မဟုတ်) (၄၀) ဦးအထိ (၁၁,၀၀၀) ကျပ်၊ (၉)တန် (သို့မဟုတ်) (၄၁)ဦး အထက် (၁၅,၀၀၀)ကျပ် မှတ်ပုံတင်ခပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ဇ

ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ကောက်ခံမည့်နှုန်းထားများ

(ကျပ်)

စဉ်	ပေးဆောင်ရမည့် အခွန်အမျိုးများ	တိုင်းဒေသကြီး/ ပြည်နယ်အတွင်း			တိုင်းဒေသကြီး/ပြည်နယ်ကျော်ကားနှန်း			လိုင်စင်ပါအဆောက်အလက်များ ပြင်ဆင်/မပြောင်းလဲခြင်း		စီးဆွဲရာတပ်ခြင်း		"ခ" ယာယီ ရုတ်သိမ်းငှါး (၃၀) အတွက် (တစ်ကြိမ်)
		၂ တန်အထိ (သို့မဟုတ်) ၁၇ ဦးအထိ	၂တန်မှ အထက်မှ (၉တန်အထိ (သို့မဟုတ်) ၄၀ ဦးအထိ	(၉တန် အထက် (သို့မဟုတ်) ၄၁ ဦး အထက်	၂ တန်အထိ (သို့မဟုတ်) ၁၇ ဦးအထိ	၂တန်မှ အထက်မှ (၉တန်အထိ (သို့မဟုတ်) ၄၀ ဦးအထိ	(၉တန် အထက် (သို့မဟုတ်) ၄၁ ဦး အထက်	ယာဉ် တစ်စီးခြင့် ဆောင်ရွက်ခြင်း	ယာဉ်တစ်စီး ထက်ပိုမို ဆောင်ရွက်ခြင်း	ပျက်စီး/ မလည်ရား	ပျောက်ဆုံး	
	အခွန်											
၁	မှတ်ပုံတင်ခ	၅,၀၀၀	၇,၀၀၀	၁၀,၀၀၀	၈,၀၀၀	၁၁,၀၀၀	၁၅,၀၀၀					၅,၀၀၀
၂	မှတ်ပုံတင်ကြေး	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀
	သာမန်											
၁	လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်	၂,၀၀၀	၂,၀၀၀	၂,၀၀၀	၂,၀၀၀	၂,၀၀၀	၂,၀၀၀					
၂	အပိုင်း (၁)	၂,၀၀၀	၂,၀၀၀	၂,၀၀၀	၂,၀၀၀	၂,၀၀၀	၂,၀၀၀					
၃	အပိုင်း (၂)	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀					
၄	တြိဂံ	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀	၁,၀၀၀					၁,၀၀၀
၅	ပြင်ဆင်/ပြောင်းလဲခြင်း							၁,၀၀၀၀	၃,၀၀၀၀	၅,၀၀၀	၁,၀၀၀၀	
	စုစုပေါင်း	၁၂,၀၀၀	၁၄,၀၀၀	၁၇,၀၀၀	၁၅,၀၀၀	၁၈,၀၀၀	၂၂,၀၀၀	၁၁,၀၀၀	၃,၀၀၀	၆,၀၀၀	၁,၀၀၀	၇,၀၀၀

မှတ်ချက်။ (၁) စေယျတေ၊ မှတ်ပုံတင်ခနှုန်းထားသည်၊ (၁)နှစ်အတွက်သာ ပေးပြီးတာပြင်ပြီးဖြစ်သည်။
(၂) မှတ်ပုံတင်ခ အပိုင်း (၂) နှင့် တြိဂံကိုအား ဆောင်ရွက်မည့်လုပ်ငန်းတွင် ပါဝင်သည့် ယာဉ်တစ်စီးမျိုးစီအတွက် ကောက်ခံရမည်။
(၃) ထမင်းလောင်းဖို သုံးဘီးဆိုင်ကယ်နှင့် သုံးဘီးယာဉ်များပါ ကောက်ခံရမည်။
(၄) ပြောင်းလဲခြင်းများ၊ ဆောင်ရွက်ရာတွင် လိုအပ်သည့် လိုင်စင်ပုံစံများကို သတ်မှတ်ထားသည့် အခွန်နှုန်းထားအတိုင်းကောက်ခံရမည်။

Kalar6\D:\domestic\rate update\update new (2)

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီးဦးခုပ်ခန့်မုံနှင့် လေယာဉ်အမှုထမ်းများ တာဝန် ပြန်ထမ်းဆောင်နိုင်ပြီ

တရုတ်နိုင်ငံ၊ ဝူဟန်မြို့မှ မိမိနိုင်ငံသားကျောင်းသား/ ကျောင်းသူလူငယ်များအား အမိမြေပေါ်သို့ရောက်အောင် Volunteer ပျံသန်းပေးသောလေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံ၊ ဦးမျိုးလွင်ဦး၊ တွဲဖက်လေယာဉ်မှူး ဦးစံမင်းကျော်၊ လေယာဉ်မောင်အဖွဲ့သားများဖြစ်သော ဦးသန်းကျော်ဌေး၊ ဦးဝဌာဝင့်၊ ဦးရဲမြတ်အောင်၊ ဦးအာကာလင်း၊ အင်ဂျင်နီယာမှူးကြီးများဖြစ်သော ဦးအောင်ချို၊ ဦးအောင်ဇင်တို့အားလုံး ဖေဖော်ဝါရီလ ၁၇ ရက်မှစ၍ မူလတာဝန်များ ပြန်လည်ထမ်းဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝူဟန်မြို့ရောက် မြန်မာကျောင်းသား/ကျောင်းသူများကို သွားရောက်ခေါ်ဆောင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီးနောက် MNA သက်ဆိုင်ရာဌာနများမှဝန်ထမ်းများက လေယာဉ်ကြီးအား Anti-infection လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြသည်။

လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံ၊ ဦးမျိုးလွင်၊ တွဲဘက်လေယာဉ်မှူး ဦးစံမင်းကျော်နှင့် အင်ဂျင်နီယာမှူးကြီး ဦးအောင်ချို့တို့သည် မိမိနေအိမ်တွင် ကျန်းမာရေးအခြေအနေ စောင့်ကြည့်အနေအထားအဖြစ်လည်းကောင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် အနီးကပ်တာဝန်ထမ်းဆောင်ခဲ့ကြသည့် လေယာဉ်မောင်အဖွဲ့သားများဖြစ်သော ဦးသန်းကျော်ဌေး၊ ဦးဝဌာဝင့်၊ ဦးရဲမြတ်အောင်၊ ဦးအာကာလင်း၊ အင်ဂျင်နီယာမှူးကြီးဦးအောင်ဇင်တို့သည် ဝေဘာဂီဆေးရုံတွင်လည်းကောင်း (၁၄) ရက်တာကာလ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုခံယူခဲ့ကြပြီး ဖေဖော်ဝါရီလ ၁၆ ရက်၊ နံနက်ပိုင်းတွင် ကျန်းမာရေးဦးစီးဌာန၏ စိစစ်ခွင့်ပြုချက်ဖြင့် ဆိုင်ရာနေအိမ်အသီးသီးသို့ပြန်ခွင့်ပြုခဲ့သည်။

မြန်မာအမျိုးသားလေကြောင်းမှ ဦးလှဌေးအောင် (Chief Support Service Officer) နှင့် တာဝန်ရှိသူများက ဦးသန်းကျော်ဌေး (Cabin Crew Manager) နှင့်

အဖွဲ့အား ဝေဘာဂီဆေးရုံသို့ သွားရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံ (Chief Operating Officer) (COO)အား ဆက်သွယ်မေးမြန်းခဲ့ရာ ကျွန်တော်တို့အားလုံး ကျန်းမာရေးကောင်းမွန်စွာ ရှိပါတယ်ခင်ဗျာ ကျွန်တော်တို့ရဲ့ မူလတာဝန်များကို မနက်ဖြန်ကစပြီး ထမ်းဆောင်မှာဖြစ်ပါတယ် ခင်ဗျာ ဟု ပြန်လည်ဖြေကြားခဲ့သည်။ ဝါဖလေ

မြစ်တွင်းသွားအပျော်စီးရေယာဉ် "တေ" လာပြီ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ မြစ်တွင်းအပျော်စီးရေယာဉ်တေ"အား မိတ်ဆက်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ (၁၄)ရက် ညနေပိုင်းက ဗိုလ်တထောင်ဆိပ်ကမ်းအမှတ် (၅)တံတားရှိ အဆိုပါသင်္ဘောပေါ်၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုအပျော်စီးရေယာဉ်မှာ T-Class အမျိုးအစား ရေယာဉ်ဖြစ်ပြီး အလျား (၉၃.၄၈)ပေ ၊ အနံ (၂၁.၆)ပေ၊ အမြင့် (၇.၂)ပေရှိကာ ခရီးသည် (၁၂၀)ဦး လိုက်ပါနိုင်မည်ဖြစ်ပြီး အမြန်နှုန်း ရေစုန် (၁)နာရီ (၁၀)မိုင် ၊ ရေဆန် (၁)နာရီ (၆)မိုင် ပြေးဆွဲနိုင်မည်ဖြစ်သည်။ ၎င်းရေယာဉ်ကို ၁၉၅၅ ခုနှစ်၊ မေလတွင်စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ မေလ၌ အပျော်စီးရေယာဉ်အဖြစ် စတင်ပြုပြင်အသုံးပြုခဲ့သည်။

တေ"အပျော်စီးရေယာဉ်တွင် ပါတီပွဲ၊ Event ပွဲ၊ မင်္ဂလာပွဲ၊ မွေးနေ့ပွဲများ လက်ခံကျင်းပပေးသွားမည်ဖြစ်ပြီး အစားအသောက်ဧည့်ခံကျွေးမွေးမှုအပိုင်းတွင် ဘူဖေး၊ ဒံပေါက်၊ ကြက်ဆီထမင်း၊ ထောပတ်ထမင်း၊ အကင်မျိုးစုံ၊ ရေခဲမုန့်၊ အချိုပွဲများ ပါဝင်မည်ဖြစ်သည်။ ၄ားရမ်းခအနေနှင့် Silver Package ၂၄၅၇၀၀ ကျပ် (KTV 1 HOUR + မြစ်တွင်း(၁) နာရီ) ၊ Gold Package ၂၈၇၇၀၀ ကျပ် (KTV 2 HOUR + မြစ်တွင်း (၂) နာရီ)၊ Diamond Package ၃၅၀၇၀၀ ကျပ် (KTV 4 HOUR + မြစ်တွင်း (၃) နာရီ)၊ Platinum Package ၅၂၉၂၀၀ ကျပ် (KTV 5 HOUR + မြစ်တွင်း (၃)နာရီ)များအား အချိန်တစ်နာရီထပ်တိုးလျှင် ၅၀၀၀၀ ကျပ် ထပ်မံပေးဆောင်ရမည်ဖြစ်သည်။

ပြည်တွင်ရေကြောင်းပို့ဆောင်ရေးသည် မိဘပြည်သူများအား ဝန်ဆောင်မှုပေးနေသော အစိုးရပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ အများပြည်သူစိတ်အပန်းပြေစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျှက်ရှိပြီး တေ"ရေယာဉ်မှမိသားစု အပန်းဖြေအပျော်စီးခရီးစဉ်အဖြစ် တွံတေးမြို့အထိ ရေယာဉ်စီးလုံးဌားဝန်ဆောင်မှုများကို စျေးနှုန်းချိုသာစွာဝန်ဆောင်မှုပေးလျှက်ရှိကြောင်းသိရသည်။

ဝါဖလေ

ဝမ်ပုံဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး ဖြစ်နိုင်ခြေလေ့လာမှု စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်မြို့မှ (၁၅) မိုင် ခန့်အကွာမဲခေါင်မြစ်ကမ်းပေါ်တွင်တည်ရှိသည့် ဝမ်ပုံဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဖြစ်နိုင်ခြေလေ့လာမှုစီမံကိန်း ကြားဖြတ် အစီရင်ခံစာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၀ပြည့် နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကရင်လဂျာနှင့် တာဝန်ရှိသူများ၊ ဖြစ်နိုင်ခြေလေ့လာမှုစီမံကိန်းအတွက် တာဝန်ယူဆောင်ရွက်နေသည့် Nippon Koei နှင့် Myanmar Koei တို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များ၊ အခြားဖိတ်ကြားထားသည့်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းဒါရိုက်တာ၊ ညွှန်ကြားရေးမှူး ဦးစန်းရွှေနှင့် Nippon Koei မှ စီမံကိန်းတာဝန်ခံ မစ္စတာကန်တာရိုကီမူရာတို့မှ စီမံကိန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် လေ့လာမှုစီမံကိန်းလုပ်ငန်း တိုးတက်မှုအခြေအနေ၊ ဆိပ်ကမ်းဒီဇိုင်း၊ ဆိပ်ကမ်းအဆောက်အဦးများနှင့် ရှာဖွေကယ်ဆယ်ရေးစင်တာဒီဇိုင်း လျာထားမှုနှင့် ကုန်ကျစရိတ်ခန့်မှန်းမှု၊ ဂျပန်နိုင်ငံ၏ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ကုန်သွယ်ရေကြောင်းသွားလာမှုလုပ်ငန်း တိုးတက်မှုဆိုင်ရာ ခန့်မှန်းချက်တို့နှင့်ပတ်သက်၍ Nippon Koei နှင့် Myanmar Koei တို့၏ ပညာရှင်များမှ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသူများမှ အသေးစိတ်သိလိုသည်များကို မေးမြန်းကြပြီး ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ ထို့နောက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးကရင်လဂျာမှ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ဝမ်ပုံဆိပ်ကမ်း ဖွံ့ဖြိုးရေးနှင့်ရှာဖွေကယ်ဆယ်ရေးစင်တာ ဖြစ်နိုင်ခြေလေ့လာမှုစီမံကိန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လေ့လာမှုစီမံကိန်းတွင် စူးစမ်းလေ့လာမှုလုပ်ငန်း၊ ဆိပ်ကမ်းအတွက် အဆိုပြုဒီဇိုင်းနှင့် ကုန်ကျစရိတ်ခန့်မှန်းမှု၊ ရှာဖွေကယ်ဆယ်ရေးစင်တာအတွက် ဒီဇိုင်းလျာထားမှုနှင့် ကုန်ကျစရိတ်ခန့်မှန်းမှု ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အကြိုဆန်းစစ်လေ့လာမှုလုပ်ငန်းများပါဝင်ပါသည်။ လေ့လာမှုစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်းတွင် အပြီးသတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်လက်၍ ရန်ပုံငွေရှာဖွေဆောင်ရွက်သွားမည်ဖြစ်သည်။

ဝါဖလေ

» စာ-၁၅ မှ

ကျော်ပဲသယ်ကြတယ်။ ကျွန်တော်တို့ကလည်း အဲ့ဒီအချိန် လေယာဉ် အဆင်ပြေဆုံးအချိန်ဆိုပြီး ဒီကညနေခြောက်နာရီ လောက်ထွက်တယ်။ ဟိုဖက်ပြန်လာရင် မနက် (၂) နာရီ (၃) နာရီလောက် ရောက်မယ်ဆိုပြီးမှန်းတာပေါ့။ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျပြီးတော့ လေးနာရီ ကျော်ကျော်လောက် မန္တလေးရောက်တယ်။ အဲ့ဒီမှာလည်းပဲ ကန်တော်နဒီမှာထားဖို့ဆိုတဲ့ကိစ္စက မန္တလေးတိုင်းဝန်ကြီးချုပ်နဲ့ အဲ့ဒီတုန်းကလုပ်နေတဲ့ ဦးဇာနည်အောင်နဲ့ညှိနှိုင်းကြပါတယ်။ ညှိနှိုင်းတော့ လည်းအဲမှာလည်း တစ်ကယ်တမ်းကျတော့ နှစ်ယောက် တစ်ခန်းထား။ ဒါလည်းအမှန်ပြောရင်တော့ WHO ရဲ့ စံနှုန်းတွေနဲ့ကိုက်ညီအောင် မနည်းကြိုးစားပြီးလုပ် ရတာဖြစ်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် WHO တို့၊ နိုင်ငံတကာလေကြောင်းအဖွဲ့ချုပ်တို့ရဲ့ စံသတ်မှတ်ချက်တွေတို့ကိုလိုက်နာပြီးတော့ ဆောင်ရွက်နေတာကို တစ်ဖြည်းဖြည်းနဲ့သဘောပေါက်လာမယ် ထင်ပါတယ်။ ကျွန်တော်လည်း တက်နိုင်သမျှ ရှင်းလင်းပြီးတော့ တင်ပြတယ်။ ဒါကတော့ ဒီနေ့ဖြစ်ပေါ်နေတဲ့ ဝူဟန် Virus နဲ့ပတ်သက်လို့ ကျွန်တော်တို့ပို့ဆောင်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်း ခုနကပြောတဲ့ လေကြောင်းကဏ္ဍဆောင်ရွက်တဲ့ဆောင်ရွက်ချက်တွေ အကြမ်းဖျင်းတင်ပြတာဖြစ်ပါတယ်။

ဒီနေ့ဟာကတော့ တကယ်သွားရောက်ကယ်တင်ခရီးစဉ်ကို တကယ်စေတနာ့ဝန်ထမ်းအနေနဲ့ ကျွန်တော်တို့ပဲသွားကြိုလိုက်တော့မယ်ဆိုတဲ့ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံနဲ့ အဖွဲ့သားနဲ့ လေယာဉ်မောင်တွေရဲ့ အဖွဲ့ရော၊ အင်ဂျင်နီယာနှစ်ယောက်ရော အားလုံး(၁၁)ယောက်လုံးနဲ့ တစ်ညလုံး ကြီးကြပ်ပေးနေတဲ့ အမှုဆောင်အရာရှိချုပ်ကြီးရော ဟိုဘက်က မြေပြင်ဝန်ဆောင်မှုလုပ်နေတဲ့အဖွဲ့ရော အကုန်လုံးပေါင်းရတယ်။ ကျွန်တော်တို့မသွားခင်မှာကော်ဇောကို ဖြုတ်ထား ရတယ်။ ထိုင်ခုံတွေကို လိုသလောက်ပဲ ထည့်ပေးလိုက်ရတယ်။ ထိုင်ခုံတွေကို ပလက်စတစ်အုပ်ပေးလိုက်ရတယ်။ ဘယ်ဖြစ်လို့ဆို တော့ ကျွန်တော်တို့ ပိုးသတ်ဆေး အကြမ်းနဲ့ပိုးသတ် လို့မရဘူး။ အဲ့ဒီတော့ ဘိုးရင်းကုမ္ပဏီက သဘောတူ တယ်။ သတ်မှတ်ထားတဲ့ ကုမ္ပဏီနဲ့ သတ်မှတ်ထားတဲ့ ဆေးကိုသုံးပြီးတော့ ပိုးသတ်တာဖြစ်တယ်ပေါ့။ ပြန်ရောက်တော့သူရဲ့သတ်မှတ်ချက်အရ (၁၀)နာရီထားပြီးတော့ အဲယားကွန်းမှာတပ်တဲ့ Filter တွေကိုလည်း ဖြုတ်ရတယ်။ ထိုင်ခုံတွေကိုဖြုတ်ပြီး မီးရှို့လိုက်ရတယ်။ အလုပ်တွေက အများကြီးပဲ။ တကယ်တမ်းလိုက်တဲ့ လေယာဉ်မှူးတွေစေတနာကို အများကြီးချီးကျူးရမှာပေါ့။ လေယာဉ်မှူးတွေ၊ လေယာဉ်မောင်တွေ၊ အင်ဂျင်နီယာတွေ လိုက်ပါပြီး သွားတဲ့ဟာ (risk)တော့ အရမ်းကြီးတာပေါ့။ ဒါကြောင့် ဒါတွေအားလုံးကိုလည်း ကျေးဇူးအရမ်းတင်ဂုဏ်ပြုပါတယ်။ စီစဉ်ဆောင်ရွက်ပေးတဲ့ အမှုဆောင်အရာ ရှိချုပ်ကြီးနဲ့ အားလုံးဝိုင်းဝန်း လုပ်ဆောင်ပေးတဲ့ သူ အားလုံးကို ကျေးဇူးတင်ပါတယ်။ ပိုပြီးတော့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရဦးမှာဖြစ်ပါတယ်။

အလားတူပဲ ဟိုတစ်နေ့က ရေယာဉ်မှူးကိုလည်းဂုဏ်ပြုရဦးမှာပါ ရေယာဉ်မှူးအသက် ၆၀ ချယ်ရီသဘော်မောင်းတဲ့သူပဲ။ လူ့အသက်ကိုကယ်ဖို့ ရေထဲခုန်ချသွားတာ။ ဒါမျိုးတွေကို ကျွန်တော်တို့ဝန်ကြီးဌာနမှာ ဂုဏ်ယူစရာတွေအများ ကြီးရှိပါတယ်။ ပြောရရင်တော့ တစ်ပွဲတော့လုပ်ရဦးမှာပေါ့။ ဒီလိုတစ်ချို့နိုင်ငံတွေဆိုရင် သွားပြီးကယ်ထုတ်ဖို့ မလုပ်နိုင်ဘူး ငြင်းတဲ့သူတွေလည်း ရှိတယ်။ စေတနာ့ဝန်ထမ်းတွေ (volunteer)ကို ချီးကျူးပါတယ်။ တကယ်သူရဲကောင်းတွေပဲပေါ့။ နိုင်ငံအတွက် ဂုဏ်ဆောင်တာပဲလေ။ ဒါကအရှေ့တောင် အာရှထဲမှာ အစောဆုံးပါတာပေါ့။ တကယ်တမ်းကတော့ ကျွန်တော်တို့စောနိုင်သလောက်စောပြီးတော့ ကယ်တာပဲပေါ့။ နိုင်ငံတည်ဆောက်နေတဲ့အချိန်၊ ပြုပြင်ပြောင်းလဲမှုတွေလုပ်နေတဲ့အချိန်မှာ ဒီလိုကိုယ်ကျိုးစွန့်တဲ့လူတွေ၊ အနစ်နာခံတဲ့လူတွေ အများကြီးလိုအပ်ပါတယ်။ ဒါတွေဟာ စံနမူနာ ကောင်းတွေဖြစ်တဲ့အတွက်ကြောင့် ချီးကျူး ဂုဏ်ပြုပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်းအမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက လေယာဉ်မှူးကြီးနှင့် လေယာဉ် အဖွဲ့သားများအား ကျေးဇူးတင်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် “ကျွန်တော်တို့ဝူဟန်မှာရှိတဲ့ ကျောင်းသားတွေကို သွားရောက်ခေါ်ယူဖို့ဆိုတာ နှစ်ရက်လောက်အလိုကျမှ သိရတာဖြစ်ပါတယ်။ အဲ့ဒီအချိန်ဝန်ကြီး ကျွန်တော်တို့ကို မေးတဲ့အချိန်မှာ အဲ့ဒီကာလလေးမှာလဲ အမေရိကန်နဲ့ဂျပန်တို့ကလည်း သွားရောက် ခေါ်တာတွေ သတိထားမိပါတယ်။ ကျွန်တော်တို့ကတော့ လေယာဉ်ပျံအားမယ့်အချိန် အဲ့ဒီနေ့ကဆို ဗုဒ္ဓဂါယာအပြန် အချိန်အား ဖြင့်တော့ တစ်နာရီခွဲနှစ်နာရီခွဲလောက်ပဲရမယ်ထင်ပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ကသွားမယ့်နေ့ ၆ နာရီ လောက်သာ သတ်မှတ်ပြီးတော့ ဝန်ကြီးဌာနကို ကျွန်တော်တို့ဖုန်းနဲ့ လှမ်းသတင်းပို့ပါတယ်။

ကျွန်တော်တို့ရဲ့ လေယာဉ်ပျံအားမယ့်အချိန် အဲ့ဒီအချိန်ဖြစ်နေတော့ Over Fly တွေ Flight plan တွေ ဒီနိုင်ငံခြားရေး ဝန်ကြီးဌာနကတစ်ဆင့် တင်ရတာပေါ့။ တကယ်တမ်းကျတော့ ဒီဝန်ကြီးဌာနတွေ အားလုံးအစည်းအဝေးက တစ်ရက်ကြိုလုပ်ပါတယ်။ လုပ်ပြီးမှ စနေနေ့ ၆နာရီတက်မယ့်အချိန် မနက်ကျမှ မနက်တောင် ၁၀နာရီဝန်းကျင်လောက်မှ ခွင့်ပြုချက်ရပါတယ်။ အဲ့ဒီအချိန်မှာ အဓိကက ဝန်ကြီးဌာနတွေပေါင်းစည်းဆောင်ရွက်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အဲ့ဒီမနက် အတွင်းဝန် သုံးယောက်က တော့ ဖုန်းနဲ့အလုပ်တွေ ရှုပ်နေကြတယ်။ အဓိကတော့ သံအမတ်ကြီးပေါ့။ ပေကျင်းသံအမတ်ကြီးနဲ့ တောက်လျှောက် အဆက်အသွယ်ယူပြီးတော့မှ ဒီကျောင်းသားတွေရှိတဲ့နေရာကို သက်ဆိုင်ရာနိုင်ငံရေးဝန်ကြီး ဌာနကကောင်စစ်ဝန်ချုပ်ထင်ပါတယ်။ သူရောက်ပြီးမှ ကျွန်တော်တို့ကအားလုံးပြင်ဆင်ရပါတယ်။ တစ်ချိန်တည်းမှာပဲ ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ဆေးရုံကနေ ဆေးရုံအုပ်ကြီးနဲ့ ဆရာဝန်ကြီးတွေရယ်၊ ကျွန်တော်တို့ Crewတွေနဲ့ အစည်းအဝေးလုပ်ပါတယ်။ ဗိုင်းရပ်စ်ရဲ့အတိမ်အနက်က ကျွန်တော်တို့လည်း အတွေ့အကြုံမရှိတော့ စိုးရိမ်စိတ်များစွာနဲ့ပဲ ပြင်ဆင်ကြရတာဖြစ်ပါတယ်။ အဓိကကတော့ သွားမယ့်သူအားလုံးသည် စေတနာ့ဝန်ထမ်းအနေနဲ့ သွားမယ်ဆိုတာကို တကယ် အသိအမှတ်ပြုပါတယ်။ အဓိကတော့ ကျွန်တော်ကျေးဇူးတင်ချင်တာက နိုင်ငံရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျွန်တော်တို့ပို့ဆောင်ရေးနှင့် ဆက် သွယ်ရေးဝန်ကြီးဌာနနဲ့ ကျန်တဲ့ Volunteer အဖြစ်အမှုထမ်းအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီအချိန်တိုအတွင်းမှာ အာဆီယံ Country မှာ ကျွန်တော်တို့ကပထမဆုံးသွားပြီးတော့ ကြိုနိုင်တာပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ လူမျိုးစိတ်ဓာတ်အရ ဒီ Volunteer အဖြစ်သွားတယ်။ အဖက်ဖက်ကနေပြီးတော့ ဒီဝန်ကြီးဌာနအားလုံးက အချိန်တိုအတွင်းမှာ စုစုစည်းစည်းနဲ့ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်တာကြောင့် အောင်အောင်မြင်မြင်နဲ့ ပြန်ရောက်တာဖြစ်ပါတယ်။ ဒီအတွက်လည်း အားလုံးကို ကျေးဇူးတင်ပါတယ်ဟု ပြောကြားခဲ့သည်။

ယင်းနောက် စေတနာ့ဝန်ထမ်းလေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာအမျိုးသားလေကြောင်းအမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း၊ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံနှင့် လေယာဉ်မှူးကြီး ဦးမျိုးလွင်ဦးတို့ အားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဒုတိယလေယာဉ်မှူးကြီး ဦးစံမင်းကျော်နှင့် အင်ဂျင်နီယာမှူးကြီး ဦးအောင်ချိုတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီးဦးသာဦးက အင်ဂျင်နီယာမှူးကြီး ဦးအောင်ဇင်နှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်ဇေယျတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က မန်နေဂျာ(လေယာဉ်မောင်) ဦးသန်းကျော်ဌေးနှင့် အကြီးတန်းလေ ယာဉ်မောင်ဦးဝဌေါင့်တို့အားလည်းကောင်း၊ အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းက အကြီးတန်းလေယာဉ်မောင်များဖြစ်ကြသည့် ဦးရဲမြတ်အောင်နှင့် ဦးအာကာလင်းတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ၛင်းနောက် လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် “ကျွန်တော့်အနေနဲ့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာရောက်ရှိပညာသင်ကြားနေသော ပညာတော်သင် မြန်မာကျောင်းသား၊ ကျောင်းသူများကို သွားရောက်ပြန်လည်ခေါ်ယူသည့် Evacuation Flight နဲ့ပတ်သက်လို့ အတွေ့အကြုံများကို အနည်းငယ်တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော် အနေနဲ့ ဒီခရီးစဉ်ကို တာဝန်ယူပျံသန်းရမယ်လို့ သိရှိချိန်မှစပြီး ပထမဦးစွာ ခရီးစဉ်အကွာအဝေး၊ ခန့်မှန်းကြာချိန်၊ ကုန်ကျမည့် လေယာဉ်ဆီစသည်တို့ကို ကျွန်တော့်ရဲ့ Flight Dispatch Team မှာ တွက်ချက်ပြီး Flight Plan များကို ပြင်ဆင်ထား ရှိပါတယ်။ ဒုတိယ အနေဖြင့် ခရီးစဉ်ကို မောင်းနှင်ပျံသန်းမည့် လေယာဉ်မှူးများ၊ လေယာဉ်မောင်/ မယ်များကို ရွေးချယ်ခြင်း၊ လိုက်ပါမည့်အင်ဂျင်နီယာများကို ရွေးချယ်ခြင်းတို့ကို ဇန်နဝါရီလ (၃၁)ရက်တွင် အပြီးသတ်ရွေး ချယ်ခဲ့ပါတယ်။ လေကြောင်းလိုင်းရဲ့ ဆေးတာဝန်ခံဆရာကြီး ဒေါက်တာအောင်မိုးဆွေထံမှ Crew အဖွဲ့၊ သက်ဆိုင်ရာ Flight Operation, Engineer Department, Ground Department Head များမှ ဆေးပညာအကြံပေးချက်၊ ညွှန်ကြားချက်များကို ဇန်နဝါရီလ (၃၁)ရက် မနက် (၉)နာရီမှာ ခံယူခဲ့ကြပါတယ်။ (၃၁) ရက်၊ နေ့လယ် (၂)နာရီခွဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပတဲ့ ဝူဟန်ဗိုင်းရပ်စ် ၂၀၁၉ ဆိုင်ရာဌာနပေါင်းစုံအစည်းအဝေးကို တက်ရောက်ခဲ့ပြီး လိုအပ်ချက်များတောင်းခံခြင်း၊ ညွှန်ကြားချက်များခံယူခြင်း ပြုလုပ်ခဲ့ပါတယ်။ မန္တလေးလေဆိပ်မှာ ကျောင်းသား၊ ကျောင်းသူ (၅၉) ဦး၊ ဆရာဝန် (၃)ဦး၊ စုစုပေါင်း (၆၂)ဦးတို့မှာ ကန်တော်နဒီဆေးရုံမှာ (၁၄)ရက်ကြာ Quarantine လုပ်ခဲ့ကြပြီး ကျန်ရှိတဲ့ (၉)ဦးအနက် Cabin ခန်းမှာ တာဝန်ထမ်းဆောင်ရတဲ့ Cabin Crew (၄)ဦးနှင့် အင်ဂျင်နီယာ (၁)ဦးတို့ဟာ ဝေဘာဂီဆေးရုံမှာ Quarantine လုပ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ကို ဂုဏ်ပြုပေးပါသော ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ်တို့သည် စေတနာ့ဝန်ထမ်းလေယာဉ်မှူးကြီးနှင့် လေယာဉ်အဖွဲ့သားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်းသိရှိရသည်။

Transcom

» စာ-၁၇ မှ

ထားရှိဖို့လိုပါတယ်။ အစိုးရလုပ်ငန်းတွေမှာ အိုင်စီတီနည်းပညာသုံးတဲ့ e-Government ကို အသွင်ကူးပြောင်းဖို့ ယခုထက်ပိုပြီး ကြိုးစားလုပ်ဆောင်ကြဖို့၊ အရှိန်မြှင့်ကြဖို့လိုနေပြီလို့ ပြောကြားချင်ပါတယ်။ အချင်းချင်းပူးပေါင်းပြီးတော့ နည်းလမ်းတွေရှာကြဖို့ လိုပါတယ်။ ယခုကျင်းပတဲ့ ဒီ e-Government conference မှာ ကျွန်မတို့ရှာဖွေနေတဲ့ လိုချင်နေတဲ့ အဖြေတွေကို ဆွေးနွေးတိုင်ပင်နိုင်ပြီး အကြံဉာဏ်ကောင်းတွေရလာဖို့မျှော်လင့်ပါတယ်။

ကျွန်မတို့နိုင်ငံနဲ့ သင့်တော်မယ့် အကြံဉာဏ်ကောင်းတွေကိုစဉ်းစားပါ။ အခြားနိုင်ငံတွေ လုပ်တာချည်းပဲ ကျွန်မတို့လိုက်ပြီးလုပ်ဖို့မလိုပါဘူး။ အဲဒီလိုလုပ်ရုံနဲ့လည်း လုံလောက်မှာမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံအတွက် အထူးလိုအပ်ချက်တွေကို သတိပြုပြီးတော့ ကျွန်မတို့မြန်မြန်ဆန်ဆန်တိုးတက်နိုင်ဖို့ကို ကြိုးစားစေချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ဒီ “e-Government Conference and ICT Exhibition” ပြပွဲဟာ မြန်မာနိုင်ငံရဲ့ e-Government အကောင်အထည်ဖော်ခြင်းလုပ်ငန်းအတွက် အရေးပါတဲ့ညီလာခံ၊ အရေးပါတဲ့ ပြပွဲတစ်ခုဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။ အိုင်စီတီပြခန်းများလည်း ပါဝင်ပြသတာဖြစ်လို့ e-Government ဆိုင်ရာစနစ်များ၊ နည်းပညာများကို တစ်နေရာတည်းမှာလေ့လာနိုင်အောင် ဖန်တီးပေးထားတာဖြစ်လို့ အင်မတန်မှကောင်းမွန်ပါတယ်။ အခုလို စတုတ္ထအကြိမ်မြောက်အထိ ဒီပွဲကိုဖြစ်မြောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြပါသော e-Government ဦးဆောင်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ e-Government စနစ်များအောင်မြင်ဖို့အတွက် အားလုံးက e-Government မျှော်မှန်းချက်တွေကို နားလည်သဘောပေါက်ပြီး အောင်မြင်အောင်ဆောင်ရွက်မယ်လို့ တကယ့်ကို ရင်ထဲကလှိုက်လှိုက်လဲ့လဲ့ ခံယူကြိုးစားကြဖို့ လိုအပ်ပါတယ်။ အမှန်တကယ် ဒီလိုခံယူချက်မရှိရင် မအောင်မြင်နိုင်ပါဘူး။ အားလုံးလို့ဆိုရာမှာ နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ် ကျေးရွာအဆင့်ဆင့်မှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ စီးပွားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ၊ အသိပညာရှင်များ၊ နိုင်ငံသားများအားလုံးပါဝင်ကြပြီး ထက်သန်တဲ့စိတ်နဲ့ ဝိုင်းဝန်းပံ့ပိုးကြိုးစားဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါလို့မှာကြားရင်း နိဂုံးချုပ်အပ်ပါတယ်” ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် ဧည့်တော်များသည် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များအား မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနဧည့်ခန်းမ၌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က စတုတ္ထစက်မှုတော်လှန်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှင့် ဧည့်သည်တော်များသည် ဝန်ကြီးဌာနများ၊ အသင်းချုပ်များနှင့် နည်းပညာကုမ္ပဏီများမှ ခင်းကျင်းပြသထားသည့် ပြခန်းများအားလှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ e-Government ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကွန်ပျူတာအသင်းချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့အကြား “နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအရ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး” နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ကလည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့အကြား “ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအရ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ရေး” နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပညာရှင်များက “ဒီဂျစ်တယ်အစိုးရသို့” ခေါင်းစဉ်စကားဝိုင်းကိုလည်းကောင်း၊ “မြန်မာစတုတ္ထစက်မှုတော်လှန်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်” ခေါင်းစဉ်ကိုလည်းကောင်း ဆွေးနွေးကြသည်။ e-Government ဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီလ (၁၉) ရက်အထိ ဆက်လက်ကျင်းပခဲ့သည်။

ဝါဖလေ

» စာ-၁၄ မှ

လုပ်ဆောင်ပေးရပါသလဲခင်ဗျာ။

ဖြေ။ ။ သဘော်ထွက်သွားတဲ့အခါ ခရီးသည်တွေကို ခုန်မတက်ဖို့ပြောတယ်။ သဘော်ထွက်ပြီဆို တံခါးကို ပိတ်လိုက်တယ်။ ဒါက သူတို့အတွက်အန္တရာယ်မဖြစ်အောင်ကာကွယ်ပေးတာပါ။ သဘော်ပြန်ကပ်တဲ့အချိန်မှာလဲ ကြိုးမချည်ရသေးဘဲ၊ တံခါးမဖွင့်ဘဲခုန်မတက်ခိုင်းဘူး။ ကျော်မတက်ဖို့အတွက်လည်း ပြောပေးတယ်။ အော်ပေးပြောပေးရပါတယ်။

မေး။ ။ ဒီချယ်ရီသဘော်နဲ့ နေ့စဉ်သွားလာနေတဲ့ ပြည်သူတွေကို ပြောချင်တာလေးရှိရင်ပြောပေးပါဦး။

ဖြေ။ ။ ပြောချင်တာက သဘော်ထွက်တဲ့အချိန်မှာ မပြေးဖို့မလွှားဖို့၊ သဘော်ကပ်တဲ့အချိန်မှာလဲ ကျော်ခွပြီးအောက် ကိုမဆင်းဖို့အတွက် ပြောပေးပါတယ်။ ဒါကျွန်တော်တို့ရဲ့ အရိုးခံစိတ်ရင်းကိုပြောပြတာပါ။

မေး။ ။ ဒီလိုအဖြစ်မျိုး အရင်ကရောရှိခဲ့ဖူးလားခင်ဗျာ။

ဖြေ။ ။ ကျွန်တော် ဒီမှာလုပ်တဲ့သက်တမ်းတစ်လျှောက်မှာတော့ အခုလိုဖြစ်တာနှစ်ခါပေါ့။ ပန်းဆိုးတန်းမှာ အမေကြီးတစ်ယောက်ပြုတ်ကျတုန်းကလည်း ကျွန်တော်တို့ဆင်းကယ်တယ်။ အမေကြီးက ကျွန်တော်တို့ဆင်းကယ်တုန်းက အသက်ရှင်တယ်။ အသက်အရမ်းကြီးတော့ ကြောက်တဲ့စိတ်နဲ့ ရောဂါရှိတာလဲပါမှာပေါ့။ အဲ့လိုနဲ့ ဆေးရုံမှာ ဆုံးသွားတယ်လို့ကြားရပါတယ်။ ဒီတစ်ခေါက်နဲ့ဆို နှစ်ခါပေါ့ ။

မေး။ ။ နောက်ထပ် ဒီလိုမျိုးထပ်ဖြစ်လာရင် အစ်ကိုတို့ ဘက်ကရော ဘယ်လိုတွေလုပ်ဆောင်ပေးလဲ ခင်ဗျာ။

ဖြေ။ ။ နောက်အခုလိုမျိုးကြုံလာရင်လည်းအဆင်သင့်ပါပဲ။ ကိုယ့်သဘော်ပေါ်မှာပါတဲ့ခရီးသည်ကို ကိုယ့်မိသားစုလို သဘောထားပြီးတော့ကူညီပေးသွားမှာပါ။

အထက်ဖော်ပြပါ အချင်းအရာတို့ကို ခြုံငုံသုံးသပ်ရပါလျှင် ရေယာဉ်မှူးဦးမြင့်အေးသည် ရေယာဉ်၏ တာဝန်ရှိသူပီပီ ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်များကို တစ်ဆက်တည်းအကောင်အထည်ဖော်ပြီးဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ယခုတစ်ကြိမ်တည်းသာမဟုတ် ယခင်ကလည်းဆောင်ရွက်ခဲ့သည်ကို လေးစားဖွယ်ရာတွေ့ရပါသည်။

ရေယာဉ်ဝန်ထမ်း ဦးမျိုးအောင်သည် သူ၏အထက်အရာရှိကဲ့သို့ ဆုံးဖြတ်ချက်နှင့်ဆောင်ရွက်ချက်ကို တစ်ဆက်တည်းဆောင်ရွက်နိုင်သကဲ့သို့ မရှိမဖြစ်လိုအပ်သည့် ကယ်ဆယ်ရေးအထောက်အကူပစ္စည်းကို အချိန်မီရရှိနိုင်ရေး အော်ဟစ်သတိပေးခဲ့သည်ကို တွေ့ရပါသည်။

အကူလုပ်သား ဦးအောင်အောင်သည် ဖြစ်စဉ်ကြုံတွေ့သည့် ရေယာဉ်မှမဟုတ်ဘဲ အနားယူပြင်ဆင်နေသည့်ရေယာဉ်ပေါ်မှ အခင်းဖြစ်ရာသို့ ရုတ်ချည်းဝင်ရောက် ပူးပေါင်းကူညီကယ်ဆယ်ခဲ့သည်ကိုတွေ့ရသည်။ အကူလုပ်သားအဖြစ် (၅)နှစ်သာရှိသေးသော်လည်း ဌာနဆ၏တာဝန်အပေါ်ထက်သန်သည့် ခံယူစိတ်နှင့် လုပ်ဆောင်ချက်ကို တွေ့မြင်ရပါသည်။

အနှစ်ချုပ်ဆိုရသော် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဝန်ထမ်းများသည် ခရီးသည်များဘေးကင်းလုံခြုံစွာဖြင့် လိုရာခရီးသို့ နာရီရာသီမရွေးပို့ဆောင်ပေးသည့်အပြင် အသက်ဘေးအန္တရာယ်ကြုံသည့် ခရီးသွားများအပေါ် မိမိအသက်ထက် တန်ဖိုးထားဆောင်ရွက်တတ်ကြသည်ကို လေးစားဂုဏ်ယူဖွယ်တွေ့မြင်ရပါကြောင်း တင်ပြအပ်ပါ သည်။

ရန်ကုန်မြို့ရှိ နေရာ(၄၇)ခုတွင် လေထုအရည်အသွေး တိုင်းတာမည်

ရန်ကုန်မြို့၏ လက်ရှိလေထုအရည်အသွေးနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ရန်ကုန်မြို့ရှိ (၄၇) နေရာတွင် လေထုအရည်အသွေးတိုင်းတာမည်ဖြစ်သည်။ ဖေဖော်ဝါရီလ (၁၇)ရက်က ရန်ကုန်မြို့တော်ခန်းမတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးချိုထွန်းအောင်ကလည်း လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ တိုင်းတာမှုများရှိနေသော်လည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ရန်ကုန်လေထုအခြေအနေကို ထုတ်ပြန်ထားသည့် အဖြေမှာ နိုင်ငံတော်မှ ထုတ်ပြန်ခြင်းဖြစ်သည့်အတွက် အမှန်အကန်ဆုံးအခြေအနေရှိကြောင်း ပြောသည်။

ရန်ကုန်လေထုအခြေအနေကို တိုင်းတာရာတွင် တစ်မြို့လုံးကိုဖြန့်ကြက်တိုင်းတာရမည်ဖြစ်ပြီး နေရာတစ်ခုလျှင် အနည်းဆုံး (၂၄)နာရီ တိုင်းတာရမည်ဖြစ်သည်။ လေထုအရည်အသွေးတိုင်းတာရာတွင် အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ ခရမ်းရောင်၊ နီညိုရောင် စသည့် အရောင် (၆)မျိုး သတ်မှတ်ထားပြီး လေထုညစ်ညမ်းမှုဖြစ်ပွားလာပါက ချောင်းဆိုးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို ဒုက္ခပေးနိုင်ခြင်း၊ အသက်ကြီးသူများ၊ ကလေးငယ်များ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့သူများအတွက် ဒုက္ခပေးနိုင်ခြင်း အခြေအနေများ ဖြစ်ပွားနိုင်သည်။ မိုးရာသီကာလတွင် လေထုညစ်ညမ်းမှုမဖြစ်ပေါ်ဘဲ ယခုနှစ်ဖေဖော်ဝါရီလတွင် လေထဲမှာပါသည့် အမှုန်လေးများပိုများလာပြီး ယင်းအခြေအနေများမှ မီးခိုးများနှင့် မော်တော်ယာဉ်များမှ ထွက်ရှိသည့် မီးခိုးများကြောင့် ဖြစ်ရခြင်းဖြစ်ကြောင်း သိရသည်။ BPO

တက္ကသိုလ်လေးခုကို ချိတ်ဆက်မည့် ယာဉ်လိုင်းအသစ် ပြေးဆွဲမည်

တက္ကသိုလ်လေးခုကိုချိတ်ဆက်ပြေးဆွဲမည့် နံပါတ် ၁၀၁ ယာဉ်လိုင်းသစ်ကို ဖေဖော်ဝါရီလနောက်ဆုံးအပတ်တွင် စတင်ပြေးဆွဲမည်ဖြစ်သည်။

အဆိုပါယာဉ်လိုင်းအသစ်မှာ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်မှစတင်ကာ မြောက်ဥက္ကလာပဆေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့ကိုချိတ်ဆက်၍ ယာဉ်အစီးရေ (၂၇) စီးဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။

ယာဉ်လမ်းကြောင်းမှာ နည်းပညာတက္ကသိုလ် (လှိုင်သာယာ)ဂိတ်ရင်းမှစတွက်ပြီး ရန်ကုန်-ပုသိမ်လမ်း-အနော်ရထာလမ်း-ရွှေပြည်သာတံတား-ရွှေပြည်သာတံတားလမ်း-တည်းကုန်းလမ်းဆုံ-ခရေပင်လမ်း-အမှတ်(၃)လမ်းဆုံ-အောင်မင်္ဂလာအဝေးပြေး-ဖ ကွေ့-သုခမ္မာလမ်း-ခေမာသီလမ်း-ဆေးတက္ကသိုလ်(၂)-မြောက်ဥက္ကလာပအိုင်း-စက်မှုလမ်း-ဗိုလ်မှူးဗထူးလမ်း-ကျွန်စစ်သားလမ်း-မင်းရဲကျော်စွာလမ်း-တော်ဝင်လမ်း-ဒဂုံတက္ကသိုလ်-ဗိုလ်မှူးဗထူးလမ်း-အမှတ် (၂)လမ်းမကြီး-စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တို့ကို ပြေးဆွဲမည်ဖြစ်သည်။

အဆိုပါယာဉ်လိုင်းကို Omni Focus ကုမ္ပဏီက ပြေးဆွဲပေးခြင်းဖြစ်သည်။ ထို့ပြင်ကုမ္ပဏီသည် အောင်မင်္ဂလာအဝေးပြေး၊ ဒဂုံဧရာအဝေးပြေးတို့နှင့် လေဆိပ်အားချိတ်ဆက်၍ ဒုတိယမြောက် Shuttle Bus ယာဉ်လိုင်းပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ ယခုအခါ Omni Focus ကုမ္ပဏီသည် YBS 20၊ YBS 83၊ YBS 98၊ YBS 56 ယာဉ်လိုင်းအပါအဝင် ရန်ကုန်ဘူတာကြီးမှ လေဆိပ်သို့ ပြေးဆွဲပေးနေသည့် Shuttle Bus ယာဉ်လိုင်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။ လက်ရှိတွင် YBS ယာဉ်လိုင်းပေါင်း (၁၀၀) မှ လမ်းကြောင်းပေါင်း (၁၃၅)ခုကို ပြေးဆွဲပေးလျက်ရှိပြီး ယခုလက်ရှိရန်ကုန်မြို့တွင် YBS အစီးရေ (၄,၄၀၀)ကျော်ဖြင့် နေ့စဉ်ခရီးသွားပြည်သူ (၁)ဒသမှ (၈)သန်းကို ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။ ဇ

Transcom News journal Cartoons